
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# CHANGE YOUR QUESTIONS, CHANGE YOUR LIFE

Marilee Adams. Ph.D.

# သင့်မေးခွန်းများကို ပြောင်းလဲခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲပေးပါ




အောင်လှိုင်

မှီငြမ်းပြန်ဆိုသည်။

mgyoe.com

mgyoe.com



## သင့်မေးခွန်းများကို ပြောင်းလဲပေးခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲနိုင်ပါသည်

ကျွန်တော်တို့ရဲ့ စိတ်အခံမှာ မိမိရဲ့ရှိရင်းစွဲအယူအဆ၊ ဒါမှမဟုတ် ဘဝပေးမေးခွန်းများက ကိုယ့်မျှော်မှန်းချက်၊ ကိုယ့်အလိုမပြည့်မှုတွေနဲ့ ခိုအောင်းနေတတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်မျှော်မှန်းချက်တွေ ပြည့်ဝပြီး အလိုကျစေဖို့ဆိုတာ အဲဒီစိတ်အတွင်း အခိုင်အမာစွဲနေတဲ့ မေးခွန်းပုံစံတွေကို ပြောင်းလဲပစ်နိုင်မှဖြစ်မယ်ဆိုတာ မေ့လျော့နေတတ်ကြပါတယ်။ တကယ်ပဲ သင့်မေးခွန်းများကို ပြောင်းလဲပေးခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲပေးနိုင်ပါတယ်။ အဲဒီအခါ သင့်ဘဝ တိုးတက်အောင်မြင်ရေးအတွက် နည်းလမ်းသစ်တွေ၊ ကျွမ်းကျင်မှုတွေ၊ လုပ်ငန်းစွမ်းဆောင်ရည်တွေကိုလည်း ပိုမိုမြင့်မားလာစေမှာ ဖြစ်ပါတယ်။

❖

ah0076

1300.00 Ks

mgyoe.com

mgyoe.com

သင့်မေးခွန်းများကိုပြောင်းလဲခြင်းဖြင့်သင့်ဘဝကိုပြောင်းလဲပေးပါ၊ အောင်လှိုင်
စာမျက်နှာ ၁၀၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com


စိတ်ကူးချိုချိုစာအုပ်

# သင့်မေးခွန်းများကို ပြောင်းလဲခြင်းဖြင့် သင့်ဘဝကိုပြောင်းလဲပေးပါ

# CHANGE YOUR QUESTIONS CHANGE YOUR LIFE

**Marilee Adams.Ph.D.**

အောင်လှိုင်
မြန်မာပြန်



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မိတ်ဆက်စကား | က |
| ၁။ | အခန်း (၁) | ၁ |
| | • အမှန်တရား၏ အခိုက်အတန့် | |
| ၂။ | အခန်း (၂) | ၈ |
| | • လက်ခံသဘောတူထားပြီးသည့် စိန်ခေါ်မှုတစ်ခု | |
| ၃။ | အခန်း (၃) | ၁၉ |
| | • ရွေးချယ်ခြင်း မြေပုံ | |
| ၄။ | အခန်း (၄) | ၂၆ |
| | • အကဲဖြတ်သူ၏ လမ်းကြောင်းဆီမှနာလန်ပြန်ထူလာခြင်း | |
| ၅။ | အခန်း (၅) | ၃၄ |
| | • မီးဖိုချောင်ထဲက ပြောစကား | |
| ၆။ | အခန်း (၆) | ၄၂ |
| | • ကူးပြောင်းခြင်းဆိုင်ရာလမ်းကြောင်းနှင့် သက်ဆိုင်သည့်မေးခွန်းများ | |
| ၇။ | အခန်း (၇) | ၆၀ |
| | • လတ်ဆတ်သစ်လွင်သောမျက်လုံးများဖြင့် မြင်အောင်ကြည့်ပါ ဆန်းသစ်သောနားများဖြင့် ကြားအောင်နားထောင်ပေးပါ | |


mgyoe.com

mgyoe.com


၈။ အခန်း (၈) ၆၇

- လေ့လာသင်ယူသူ၏ တွေးခေါ်မှုလမ်းကြောင်းပေါ်မှ စရိုက်လက္ခဏာရှိသော အသင်းအဖွဲ့နှင့် အကဲဖြတ်သူနှင့် ဆိုင်သော တွေးခေါ်မှုလမ်းကြောင်းပေါ်မှ စရိုက်လက္ခဏာ ရှိသော အသင်းအဖွဲ့တို့၏ ထူးခြားသော ကွာခြားချက်များ

၉။ အခန်း (၉) ၇၇

- မျှော်အစွမ်းပြသောအခါ

၁၀။ အခန်း (၁၀) ၈၁

- ချာလီနှင့် တွေ့ဆုံခြင်း

၁၁။ အခန်း (၁၁) ၈၄

- ကျွန်တော်နဲ့ ဂရေ့စ်

၁၂။ အခန်း (၁၂) ၈၇

- အရေးပါဆုံးသော အခန်းကဏ္ဍ

၁၃။ နိဂုံးပိုင်း ၈၉

- စူးစမ်းလေ့လာတတ်သော/ မေးခွန်းထုတ်တတ်သောခေါင်းဆောင်


❖ ❖ ❖

mgyoe.com

mgyoe.com

## သင့်မေးခွန်းများကို ပြောင်းလဲပေးခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲနိုင်ပါသည်

ကျွန်တော်တို့ရဲ့ စိတ်အခံမှာ မိမိရဲ့ရှိရင်းစွဲအယူအဆ၊ ဒါမှမဟုတ် ဘဝပေးမေးခွန်းများက ကိုယ့်မျှော်မှန်းချက်၊ ကိုယ့်အလိုမပြည့်မှုတွေနဲ့ ခိုအောင်းနေတတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်မျှော်မှန်းချက်တွေ ပြည့်ဝပြီး အလိုကျစေဖို့ ဆိုတာ အဲဒီစိတ်အတွင်း အခိုင်အမာစွဲနေတဲ့ မေးခွန်းပုံစံတွေကို ပြောင်းလဲပစ်နိုင်မှုဖြစ်မယ်ဆိုတာ မေ့လျော့နေတတ်ကြပါတယ်။ တကယ်ပဲ သင့်မေးခွန်းများကို ပြောင်းလဲပေးခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲပေးနိုင်ပါတယ်။ အဲဒီအခါ သင့်ဘဝ တိုးတက်အောင်မြင်ရေးအတွက် နည်းလမ်းသစ်တွေ၊ ကျွမ်းကျင်မှုတွေ၊ လုပ်ငန်းစွမ်းဆောင်ရည်တွေကိုလည်း ပိုမိုမြင့်မားလာစေမှာ ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မိတ်ဆက်စကား

## ပြောင်းလဲခြင်းအတွက် မေးခွန်းများ

စိတ်အတွင်း နှစ်မြုပ်နေတဲ့ မေးခွန်းတွေက ဘဝအတွေ့အကြုံတွေနဲ့ ရှင်သန်ရပ်တည်နိုင်မှု အခြေအနေတွေကို တိုက်ရိုက်ပုံသွင်းပြောင်းလဲပေးနိုင်တာကို လူအတော်များများက သတိမထားမိကြပါဘူး။

တကယ်တော့ စိတ်အတွင်းရှိနေတဲ့ မေးခွန်းတွေကို ပြောင်းလဲပေးနိုင်ခြင်း၊ တစ်ဖက်လူတို့ရဲ့မေးခွန်းတွေကို မှန်ကန်စွာဖြေကြားခြင်း၊ မိမိကိုယ်မိမိ ထိရောက်တဲ့မေးခွန်းတွေ မေးခြင်းတို့ဖြင့် အကျိုးရလဒ်ကောင်းအမျိုးမျိုးကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။

ကျွန်မ ဒီစာအုပ်ကို ပထမဆုံးတည်းဖြတ်ထုတ်ဝေပြီးတဲ့နောက်ပိုင်း တစ်ခုသောနွေရာသီရဲ့ နေ့လယ်ခင်းမှာ ကျွန်မရဲ့ရုံးခန်းကလာတဲ့ဖုန်းကို ပြန်လည်ဖြေကြားခဲ့ရပါတယ်။ တစ်ဖက်က ဖုန်းပြောနေသူအမျိုးသားရဲ့အသံကို ကျွန်မ ရင်းရင်းနှီးနှီးနဲ့ မှတ်မိလိုက်ပါတယ်။ တစ်ဖက်ဖုန်းပြောသူအမျိုးသားက အခုလိုစပြောတယ်။

"ခင်ဗျား ကျွန်တော့်ကို သိတယ်မဟုတ်လား၊ ကျွန်တော်က 'ဘင်န်' လေ ..."

တစ်ဖက်လူက အဲဒီလိုပြောပြီး ရယ်လိုက်တော့ ကျွန်မလည်း သူနဲ့အတူ ရောပြီး လိုက်ရယ်မိလိုက်ပါတယ်။ ကျွန်မ အခုလို ရယ်လိုက်ရတဲ့

mgyoe.com

mgyoe.com



အကြောင်းကတော့ အဲဒီလူက ဘင်နီ ဖြစ်နေသလို သူ့ရဲ့ပြောစကားတွေက လည်း ဘာကိုဆိုလိုမှန်း ကျွန်မသိနေတာကြောင့် ဖြစ်ပါတယ်။

"သင့်မေးခွန်းများကို ပြောင်းလဲပေးခြင်းဖြင့် သင့်ဘဝကို ပြောင်းလဲပါ" ဆိုတဲ့ စာအုပ်ထဲမှာ 'ဘင်နီ'က အဓိကကျတဲ့ ဇာတ်ကောင်တစ်ဦးအဖြစ်နဲ့ ပါဝင်ခဲ့ပါတယ်။ နောက်ပြီး 'ဘင်နီ'ဟာ ကျွန်မရဲ့စာဖတ်ပရိသတ်တွေထဲမှာ အကျော်ဇေယျအဖြစ်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး မေးခွန်းများကို ဖြေဆိုရတဲ့ သူတစ်ယောက် ဖြစ်ရခြင်းကိုလည်း အစဉ်အမြဲ ဂုဏ်ယူလေ့ရှိသူဖြစ်ပါတယ်။

ဘင်နီဟာ ခေါင်းဆောင်မှုပညာရပ်ကို အခြေခံကျကျ လေ့လာဆည်း ပူးပြီး အတွေးအခေါ်ပါတဲ့ (သို့) စဉ်းစားဆင်ခြင်နိုင်စွမ်းကို အသုံးပြုရမယ့် မေးခွန်းတွေကို အစဉ်အမြဲဖြေဆိုလိုသူတစ်ယောက်ဖြစ်ပါတယ်။

ဘင်နီဟာ ဘဝတိုးတက်မှုအတွက် အားကိုးရာမဲ့စွာနဲ့ ရုန်းကန်လှုပ် ရှားခဲ့ရသူတစ်ယောက်ဖြစ်ပါတယ်။ အားကိုးရာမဲ့အခြေအနေဖြစ်တာကြောင့် သူ့ရဲ့ကြိုးစားအားထုတ်မှုတွေနဲ့ စွမ်းဆောင်မှုတွေမှာ ထိရောက်မှုမရှိဘဲ ကိုးရိုးကားရား ဖြစ်ခဲ့ရပါတယ်။ ဘင်နီက ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ဖို့အတွက် ဆင့်ကဲကြိုးစားအားထုတ်မှုတွေလုပ်နေရင်း မေးခွန်းမှန်သမျှ ကို ဖြေဆိုချင်တဲ့ စိတ်ဆန္ဒရှိခဲ့သလို သူ့ဘဝတိုးတက်အောင်မြင်ရေးအတွက် မေးခွန်းမျိုးစုံကိုလည်း ထုတ်တတ်သူဖြစ်ပါတယ်။

ဘင်နီဟာ အိမ်မှာရှိနေစဉ် အတောအတွင်း အဆင်မပြေမှုများစွာနဲ့ ရင်ဆိုင်ခဲ့ရသူဖြစ်ပါတယ်။ သူဟာ ဇနီးသည် ဂရေ့စ်နဲ့ ဆက်ဆံရေး အဆင် မပြေခဲ့ပါဘူး။ အောင်မြင်မှု မရသေးခင်ကာလအတွင်း ဖြစ်ပေါ်တတ်တဲ့ ပြဿနာတွေထဲမှာ အိမ်ထောင်ရေးပြဿနာကလည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်လျက်ရှိပါတယ်။

ဘင်နီဟာ သူ့ထက် ၁ နှစ်ငယ်တဲ့ ဇနီးသည် ဂရေစ်နဲ့ တစ်နေ့တခြား ဆက်ဆံရေးတင်းမာလာခဲ့ပြီး အိမ်မှာရှိနေတဲ့ အချိန်တိုင်းဟာ သူ့အတွက် စိတ်မချမ်းမြေ့စရာတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ ကျွန်မ ဘင်နီကို ပထမဆုံး စတွေ့ချိန်မှာ ဘင်နီဟာ စိတ်ပျက်စရာတွေ တစ်ပွေ့တစ်ပိုက်နဲ့ အခက်တွေ့ နေရသူဖြစ်ပါတယ်။

နောက်တော့ ကျွန်မဟာ ဘင်နီရဲ့အသက်မွေးဝမ်းကျောင်း အခြေအနေ

mgyoe.com

mgyoe.com



ဘင်န်နဲ့ သူ့ဇနီးသည်တို့ရဲ့ ဆက်ဆံရေးအခြေအနေ စတဲ့ ဘင်န်ရဲ့ဘဝ အခြေအနေအရပ်ရပ်ကို ဆက်လက်လေ့လာခွင့် ရခဲ့ပါတယ်။

ဘင်န်ဟာ ဘဝပြောင်းလဲတိုးတက်မှုအတွက် သူမေးလိုတဲ့မေးခွန်းတွေ အားလုံး ပြောင်းလဲပစ်ရမယ့်သဘောကို နားလည်တဲ့သူဖြစ်ပါတယ်။ မေးခွန်းများ ပြောင်းလဲနိုင်ရေးအတွက် စဉ်းစားရာမှာ သူ့ရဲ့ဆရာသမား၊ အကြံအကဲလည်းဖြစ်၊ သွန်သင်ဆုံးမ လမ်းမှန်ပြပေးနိုင်သူလည်းဖြစ်တဲ့ 'ဂျိုးဇက်အက်စ် အက်ဒ်ဝပ်'ရဲ့အကူအညီကို များစွာရယူခဲ့ရသူ ဖြစ်ပါတယ်။ ဘင်န်က ကျွန်မကို ဖုန်းဆက်ရခြင်းဟာ အောင်မြင်မှုမရသေးခင်စပ်ကြား ဘယ်လိုမေးခွန်းတွေထုတ်ပြီး ဘယ်လိုအကြောင်းအကျိုးညီတဲ့ အဖြေရှာရမယ်ဆိုတဲ့ ကိစ္စအတွက်သာ ဖြစ်ပါတယ်။

ဘင်န်လိုပဲ ကျွန်မဆီဝင်ရောက်လာတဲ့ မက်ဆေ့ချ်တွေ၊ ဖုန်းခေါ်ဆိုချက်တွေဟာ လုပ်ငန်းနောက်ခံအမျိုးမျိုး၊ လုပ်ငန်းနယ်ပယ်အမျိုးမျိုးမှာ ရှိကြတဲ့ အမျိုးသား၊ အမျိုးသမီးတွေရဲ့ မေးမြန်းချက်တွေသာဖြစ်ပါတယ်။

ဘင်န်လိုပဲ ကျွန်မဆီ စာရေး၊ မက်ဆေ့ချ်ပို့ပြီး အကြံဉာဏ်တောင်းတဲ့ နောက်ထပ်လူတစ်ယောက် ရှိပါသေးတယ်။ သူကတော့ 'ဒေးဗစ်'ဆိုသူ ဖြစ်ပါတယ်။ ဒေးဗစ်ဟာ လုပ်ငန်းခွင်အတွင်း အခက်တွေ့နေပြီး ရှေ့ဆက်ဘာလုပ်ရမှန်းမသိတဲ့ အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

သို့သော်လည်း ဒေးဗစ်ဟာ သူ့အသင်းအဖွဲ့နဲ့ အဆင်မပြေဖြစ်နေရင်းကနေ "သင့်မေးခွန်းများကို ပြောင်းလဲပါ"ဆိုတဲ့ စာအုပ်ပါ အချက်အလက်တွေကို ဖတ်ရှုပြီး သူ့ရဲ့ကိုယ်ပိုင်မေးခွန်းတွေကို ပြောင်းလဲပစ်ခဲ့ပါတယ်။ ဒီလိုပြောင်းလဲပြီးနောက်ပိုင်း ဒေးဗစ်ရဲ့ခေါင်းဆောင်မှုပုံစံကလည်း ပြောင်းလဲသွားတာကို တွေ့ရပါတယ်။ နောက်ပိုင်းမှာ ဒေးဗစ်ရဲ့အောင်မြင်မှုတွေက အထွတ်အထိပ် ရောက်ရှိခဲ့ပါတယ်။

သင့်မေးခွန်းများကို ပြောင်းလဲပြီး သင့်ဘဝကို ပြောင်းလဲပစ်နိုင်ဖို့ စတင်ဆောင်ရွက်ရာမှာ မေးခွန်းများကို စဉ်းစားခြင်းက အရေးပါလှပါတယ်။ မေးခွန်းများကို စဉ်းစားခြင်း၌ ကျွမ်းကျင်မှုရှိလာတဲ့အခါ ကျွန်မတို့ရဲ့ လက်ရှိတွေးခေါ်ရှုမြင်ပုံတွေ၊ လေ့လာရှာဖွေစူးစမ်းမှုတွေမှာ အရင်ကထက်ပိုပြီး တိကျမှန်ကန်လာသလို ပိုပြီးအဓိပ္ပာယ်ရှိတဲ့ မေးခွန်းတွေကို မေးတတ်လာမှာ

mgyoe.com

mgyoe.com



ဖြစ်ပါတယ်။

ထိုအခါ နောက်ဆက်တွဲကောင်းကျိုးတွေအနေနဲ့ ကျွန်မတို့ရဲ့ စိတ်ခံစားမှုတွေ၊ အပြောအဆို အပြုအမူတွေ၊ မသိစိတ်ရဲ့စေ့ဆော်ခြင်းနဲ့ သိစိတ်ရဲ့ ဆုံးဖြတ်ချက်တွေအားလုံး ကောင်းမွန်မျှတမှုရှိလာမှာ ဖြစ်ပါတယ်။

သင့်မေးခွန်းများကို ပြောင်းလဲခြင်းဟာ သင့်ကိုယ်သင် ဘဝခရီးလမ်းတစ်လျှောက် အောင်မြင်မှုရရှိအောင် လေ့ကျင့်ခြင်း၊ မိမိကိုယ်မိမိ လမ်းမှားမရောက်အောင် လမ်းညွှန်ခြင်းတွေကို လုပ်နိုင်တဲ့ အခွင့်အရေးတစ်ခုသာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့မေးခွန်းတွေနဲ့အတူ လောကကို အကောင်းဆုံးတည်ဆောက်ပေးနိုင်ပြီး အဲဒီမေးခွန်းတွေက ကျွန်မတို့ရဲ့ စိတ်၊ ကျွန်မတို့ရဲ့ အသိဉာဏ်မျက်လုံး၊ ကျွန်မတို့ရဲ့ နှလုံးသားက အလိုဆန္ဒအမှန်တွေကို ပွင့်လင်းစေပြီး လိုအပ်သလို ပြောင်းလဲခြင်း၊ လိုအပ်သလို အစားထိုးပြုပြင်ခြင်းတွေ အသစ်တစ်ဖန်ပြန်လည်ပေါ်ပေါက်လာခြင်းတွေကိုပါ ဖြစ်စေပါတယ်။

ဒါကြောင့် သင့်မေးခွန်းတွေကို ဘယ်လိုပြောင်းလဲရင် သင့်ဘဝကို အမှန်တကယ် ဘယ်လိုပြောင်းလဲနိုင်တယ်ဆိုတာကို လက်တွေ့ကျကျ စတင်အကောင်အထည်ဖော်သင့်ပြီလို့ တိုက်တွန်းပြောကြားလိုပါတယ်။

❖

mgyoe.com

mgyoe.com

# အခန်း (၁)

# အမှန်တရား၏ အခိုက်အတန့်

**ကျွန်ုပ်တို့က ပညာဗဟုသုတွေကို အလိုရှိတယ်ဆိုရင် မေးခွန်းသစ်တွေရှိနေတဲ့ လောကသစ်တစ်ခုလုံးကို ကျွန်ုပ်တို့ ပိုင်ဆိုင်နိုင်အောင် လုပ်ရပါလိမ့်မယ်။**

*စူဆန်နီကေလန်ဂါ*

ကျွန်ုပ်တို့ရဲ့ဘဝတွေကို အမှန်တကယ်ပြောင်းလဲပစ်ဖို့ အမှန်တရားကို သိမြင်လိုက်တဲ့ အခိုက်အတန့်သောအချိန်လေးမှာ ကျွန်ုပ်တို့အားလုံးအတွက် မှန်ကန်တဲ့အဖြေကို ရရှိဖို့ တိကျတဲ့မေးခွန်းတွေ မေးနိုင်ဖို့လိုပါတယ်။

**ဘင်နီ၏ ဇာတ်လမ်း**

ကျွန်တော့်ရဲ့စားပွဲပေါ်မှာရှိတဲ့ ရန့်သင်းတဲ့ သစ်နက်နဲ့ပြုလုပ်ထားတဲ့ စက္ကူဖိပေါ်မှာ ရေးသားထားတဲ့ စာတန်းလေးကတော့ အခုလိုဖြစ်ပါတယ်။

"ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးရလဒ်တွေကို ကြီးကျယ်ခမ်းနားတဲ့ မေးခွန်းတွေနဲ့သာ အစပြုရရှိနိုင်ပါတယ်"

ဘဝကို အပြောင်းအလဲဖြစ်စေတဲ့ အဲဒီစာတန်းလေးပါတဲ့ စက္ကူဖိကို ကျွန်တော့်ရဲ့မိတ်ဆွေ 'ဂျိုးဇက်အက်စ်အက်ဒ်ဝပ်'ဆီကနေ လက်ဆောင်အဖြစ် ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျိုးဇက်အက်စ်အက်ဒ်ဝပ်ဟာ ဘဝကို အပြောင်းအလဲ

mgyoe.com

mgyoe.com


ဖြစ်စေမယ့် မေးခွန်းတွေကို စဉ်းစားခြင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို စတင်မိတ်ဆက်ပေးခဲ့သူဖြစ်ပါတယ်။ သူက ကျွန်တော့်ကို မေးခွန်းတွေ စဉ်းစားခြင်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှုရှိလာအောင် သင်ပြပေးသလို ပြဿနာအခက်အခဲတွေ ဖြေရှင်းခြင်းနဲ့ ပတ်သက်ပြီးတော့လည်း မှန်ကန်တဲ့နည်းလမ်းတွေကို လမ်းညွှန်ပေးခဲ့ပါတယ်။

ဂျိုးဇက်ရဲ့ကျေးဇူးနဲ့ မေးခွန်းတွေကို စဉ်းစားတတ်လာတဲ့အခါ အဲဒီစဉ်းစားနိုင်စွမ်းကြောင့် ကျွန်တော် တစ်ကြိမ်တစ်ခါမှ ရှာမတွေ့၊ မခံစားခဲ့ဖူးတဲ့ 'စိတ်ရဲ့ပွင့်လင်း လွတ်လပ်ခြင်း'နဲ့ ကြုံတွေ့ခွင့် ရရှိခဲ့ပါတယ်။

ကျွန်တော့်ဘဝဟာ ဂျိုးဇက်ရဲ့ သင်ပြလမ်းညွှန်ပေးမှုကြောင့် မေးခွန်းတွေကို စဉ်းစားနိုင်စွမ်းမှာ ကျွမ်းကျင်မှုရှိလာပြီး အဲဒီကျွမ်းကျင်မှုတွေက ကျွန်တော့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်၊ ကျွန်တော့်ရဲ့အိမ်ထောင်ရေးအခြေအနေနဲ့ အခြားသောကိစ္စရပ်တွေမှာ အကောင်းဆုံးဖြစ်စေခဲ့ပါတယ်။

ကျွန်တော့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို အဘက်ဘက်ကနေပြင်ဆင်နေတဲ့ ကုမ္ပဏီတစ်ခုနဲ့ စတင်ခဲ့ပါတယ်။ ကျွန်တော် ဝင်ရောက်လုပ်ကိုင်တဲ့ ကုမ္ပဏီက QTec ဖြစ်ပြီး အဲဒီကုမ္ပဏီရဲ့ ရာထူးတစ်ခုကို လက်ခံခြင်းအားဖြင့် ကျွန်တော့်အတွက် စွန့်စားစရာတွေ ရှိလာနိုင်တယ်လို့ မိတ်ဆွေတစ်ဦးက သတိပေးခဲ့ပါတယ်။ ကျွန်တော်လုပ်တဲ့ QTec က စီအီးအို 'အလက်ဆာဟတ်တီ'ကို ကျွန်တော် ယုံကြည်မှုရှိခဲ့သလို အဲဒီ စီအီးအိုက ကျွန်တော့်ကို ရာထူးပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။

အလက်ဆာနဲ့ ကျွန်တော်ဟာ ကေဘီ ကော်ပိုရေးရှင်းမှာ နှစ်ပေါင်းကြာရှည်စွာ အလုပ်အတူတွဲလုပ်ခဲ့ကြသလို အလက်ဆာက ကျွန်တော့်ရဲ့အလုပ်ရှင်ဟောင်းတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ တကယ်တော့ အလက်ဆာဟာ ကျွန်တော့်အတွက်တော့ ဘုရားသခင်ပေးသနားချီးမြှင့်တဲ့ လက်ဆောင်ကောင်းတစ်ခုလို တန်ဖိုးရှိတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်က အင်ဂျင်နီယာပိုင်းဆိုင်ရာကိစ္စတွေကို ကျွမ်းကျင်သူအဖြစ်အလုပ်ဝင်ခဲ့ပါတယ်။ ကျွန်တော် Q Tec ကုမ္ပဏီမှာ အလုပ်ဝင်တဲ့အခါနည်းပညာဆိုင်ရာ စိန်ခေါ်မှုတွေ၊ အခြားသော လုပ်ငန်းဆိုင်ရာ ပြဿနာအမျိုးမျိုးတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

mgyoe.com

mgyoe.com


အလက်ဆာကတော့ ကျွန်တော့်ကို တိုက်တွန်းတယ်။ ခေါင်းဆောင်မှုပညာဆိုင်ရာမှာ ကျွန်တော့်ကို အကောင်းဆုံးကြိုးစားဖြစ်ထွန်းလာစေဖို့ သူမက စေတနာနဲ့ တိုက်တွန်းမှန်း ကျွန်တော် နားလည်ခဲ့ပါတယ်။

ကျွန်တော် တာဝန်ယူဦးဆောင်တဲ့ အသင်းအဖွဲ့က တက်ကြွစွာနဲ့ ဆောင်ရွက်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် မဖြေရှင်းနိုင်တဲ့ အခက်အခဲတွေ များလာတာကြောင့် အလုပ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီတော့ ကျွန်တော် အလက်ဆာဟတ်တီရဲ့ရုံးခန်းကို ဦးတည်လျှောက်သွားပြီး ရောက်တဲ့တာနဲ့ စားပွဲပေါ်မှာ ကျွန်တော့်ရဲ့အလုပ်ထွက်စာကို တင်လိုက်တယ်။

ပြီးတော့ ကျွန်တော် ဘာမှမပြောသေးဘဲ အလက်ဆာရဲ့ရုံးခန်းကို တစ်ချက်ဝေ့ကြည့်လိုက်တယ်။ သူမရဲ့ရုံးခန်းက တော်တော်ကို ခမ်းနားထည်ဝါလှပါတယ်။ အခန်းက ဧည့်ခန်းကျယ်ကြီးထက်တောင် ကြီးတယ်လို့ ထင်ရပါတယ်။

ကျွန်တော်ဖြတ်လျှောက်လာခဲ့တဲ့ ရုံးခန်းရဲ့ကြမ်းပြင်ကို ကြည့်လိုက်တော့ အစိမ်းရောင်ကော်ဇော ခင်းထားတာတွေ့ရပြီး ခြေဖဝါးနဲ့ထိတွေ့လိုက်တဲ့အခါတိုင်း နူးညံ့သိမ်မွေ့မှုကို ခံစားရပါတယ်။ ရုံးခန်းရဲ့အလယ်တည့်တည့်နေရာမှာတော့ သစ်ကြားပင်ရဲ့အသားနဲ့ လုပ်ထားတဲ့ ကော်ဖီစားပွဲကြီးကို တင့်တယ်စွာတွေ့ရပြန်တယ်။

"ထိုင်ပါဦး" အလက်ဆာက ကျွန်တော့်ကို ထိုင်ခုံမှာထိုင်ဖို့ အမူအရာနဲ့ရော၊ စကားနဲ့ပါ ပြောလိုက်တယ်။ ပြီးတော့ အလက်ဆာကိုယ်တိုင် ထိုင်ခုံအလွတ်မှာ ဝင်ထိုင်လိုက်ပြီး ကျွန်တော်ပြောမယ့်စကားကို နားထောင်ဖို့ ပြင်လိုက်တယ်။

"ကဲ ... ပြောပါဦး၊ ဘာများ ကူညီပေးရမလဲ"

အလက်ဆာရဲ့စကားဆုံးတာနဲ့ ကျွန်တော်က စားပွဲပေါ်တင်ထားတဲ့ စာအိတ်ကို လက်ညှိုးညွှန်ပြလိုက်ရင်း "အဲဒါ ကျွန်တော့်ရဲ့အလုပ်နုတ်ထွက်စာပါ။ ကျွန်တော် ဆက်မလုပ်နိုင်တော့တာကို စိတ်မကောင်းပါဘူး အလက်ဆာ"လို့ ပြောလိုက်တယ်။

ဒီအခါ အလက်ဆာက စာအိတ်ကိုကောက်ယူပြီး ကျွန်တော့်ရှေ့ကို

mgyoe.com

mgyoe.com

တွန်းလိုက်တယ်။

"ဒီအလုပ်ထွက်စာကို ရှင်ပြန်ယူသွားပါ။ ကျွန်မက ရှင့်အခြေအနေတွေအားလုံးကို ရှင့်ထက်ပိုပြီးသိတယ်။ ရှင် ကျွန်မအတွက် အနည်းဆုံး လအနည်းငယ်လောက်တော့ လုပ်ပေးစေချင်တယ်။ ကျွန်မပြောတာကို လက်ခံစေချင်ပါတယ် ဘင်န်"

အလက်ဆာက ပြောစရာရှိတာကို ပြောပြီး ကျွန်တော့်ရဲ့ပြန်ပြောမယ့် စကားကို စောင့်နေလိုက်တယ်။ ခဏအကြာမှာတော့ သူမဘက်က အခုလို ဆက်ပြောတယ်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာတုန်းက ကျွန်မလည်း ရှင့်လိုပဲ အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မက ရှောင်လွှဲမနေဘဲ ကြုံလာသမျှကိစ္စတွေကို ရင်ဆိုင်လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်မနားလည်ထားတာက ကျွန်မ အောင်မြင်ချင်တယ်ဆိုရင် အခြေခံကျကျ ပြောင်းလဲပစ်ဖို့လိုတယ်ဆိုတာပါပဲ။ ကျွန်မ ခက်ခဲပင်ပန်းစွာနဲ့ အသည်းအသန် ကြိုးစားခဲ့ရတာပါ။ လွယ်လွယ်လေးနဲ့ အခုလို စီအီးအိုဖြစ်လာတာ မဟုတ်ပါဘူး။ အဲဒီအချိန်အတောအတွင်း ဂျိုးဇက်ဆိုတဲ့လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ အဲဒီလူက ကျွန်မကို ရိုးရှင်းလွယ်ကူပြီး အခြေခံကျတဲ့မေးခွန်းတွေ မေးခဲ့တယ်။ အဲဒီမေးခွန်းတွေက ကျွန်မ ဘယ်တော့မှ ထွက်လို့မရနိုင်ဘူးထင်တဲ့ တံခါးပေါက်တွေအားလုံးကို ဖွင့်ပေးခဲ့တယ်။

ဂျိုးဇက်က ကျွန်မကို အရေးပါတဲ့ မေးခွန်းတစ်ခု ထပ်မေးသေးတယ်။ 'မင်းရဲ့အမှားတွေကို မင်းကိုယ်တိုင် တာဝန်ယူချင်စိတ်ရှိသလား'တဲ့။ ပြီးတော့ သူက ဆက်ပြောတယ် 'မင်းဆန္ဒရှိတယ်ဆိုင် မင်းကိုယ်မင်း ခွင့်လွှတ်နိုင်အောင် ကြိုးစားပါ။ မင်းကိုယ်တိုင် ရယ်နိုင်၊ ပြုံးနိုင်၊ ပျော်ရွှင်နိုင်အောင် အားထုတ်ပါ။ မင်းရဲ့အတွေ့အကြုံတွေထဲက တန်ဖိုးတွေကို ရွေးထုတ်ပြီး လက်တွေ့ အကျိုးရှိစွာအသုံးချပါ။ မင်းတွေ့ကြုံဖြစ်ပျက်ခဲ့တာတွေကနေ တစ်ဆင့် သင်ခန်းစာယူပြီး လိုအပ်သလို ပြောင်းလဲပစ်နိုင်ဖို့ စိတ်ပါလက်ပါ အားထုတ်ကြိုးစားပါ"

အလက်ဆာက အထက်ပါစကားတွေအပါအဝင် သူမနဲ့ ဂျိုးဇက် ဘယ်လိုလက်တွဲပြီး အလုပ်တွေအောင်မြင်အောင်လုပ်နိုင်ခဲ့တယ်ဆိုတာရယ်၊

mgyoe.com

mgyoe.com


ဂျိုးဇက်ရဲ့ကျေးဇူးကြောင့် သူမရဲ့ဘဝကိုသာမက သူမခင်ပွန်း စတန်းန်ရဲ့ ဘဝကိုပါ အပြောင်းအလဲကြီး ပြောင်းလဲပေးနိုင်ခဲ့တယ်လို့ အဘက်ဘက်မှာ တိုးတက်အောင်မြင်မှုတွေ ရခဲ့တယ်ဆိုတာကို ရှင်လန်းတက်ကြွစွာနဲ့ ကျွန်တော့်ကို ပြောပြနေခဲ့ပါတယ်။

စတန်းန်ကိုယ်တိုင် ထုတ်ပြောချက်အရ သိရတာက ဂျိုးဇက်ရဲ့သင်ပြလမ်းညွှန်မှုတွေကြောင့် သူ့ရဲ့ကုမ္ပဏီလုပ်ငန်းတွေအားလုံးကို လိုအပ်သလို ပြောင်းလဲပြီး အောင်မြင်တိုးတက်အောင် လုပ်နိုင်ခဲ့တဲ့အကြောင်းပဲ ဖြစ်ပါတယ်။

နောက်ဆုံးမှာ ကျွန်တော်နားလည်လိုက်တာက မေးခွန်းတွေမေးခြင်းဖြင့် ဘဝပြောင်းလဲတိုးတက်မှုတွေဖြစ်စေသလို၊ မေးခွန်းတွေကို ပြောင်းလဲမေးမြန်းခြင်းဖြင့်လည်း ဘဝတိုးတက်မှုအခြေအနေ အမျိုးမျိုးကို ဖြစ်စေတယ်ဆိုတာပါပဲ။ စီအီးအိုအလက်ဆာက ကျွန်တော့်အတွက် အရမ်းကိုတန်ဖိုးရှိတဲ့ အကြံပြုချက်တစ်ခု ပေးခဲ့တယ်။ သူမအကြံပြုချက်က ကျွန်တော့်အတွက် အစပိုင်းမှာ နားလည်ရခက်ခဲ့သော်လည်း အသေအချာ အလေးအနက်ထားပြီး စဉ်းစားရင်တော့ အနှစ်သာရပြည့်ဝတဲ့ အကြံပြုစကားတွေဖြစ်တာကို သိလိုက်ရပါတယ်။

"လူတွေရဲ့ဘဝတွေကို ပြောင်းလဲပေးနိုင်တာက မေးခွန်းတွေပဲ"လို့ ကျွန်မပြောတဲ့စကားကို ရှင် မကြာခင်သဘောပေါက်လာပါလိမ့်မယ်။ နောက်တစ်ခုပြောချင်တာက ကျွန်မရဲ့မိတ်ဆွေကောင်းလည်းဖြစ်၊ ကျွန်မဘဝ တိုးတက်အောင်မြင်အောင် အကြံပြုလမ်းညွှန်ပေးခဲ့သူလည်းဖြစ်တဲ့ ဂျိုးဇက်နဲ့ ရှင့်ကို အလုပ်တွဲလုပ်စေချင်တယ်။ ဒါမှ အချိန်တိုအတွင်း ရှင် သိသိသာသာ တိုးတက်လာမှာ။ ဒီတော့ ရှင့်ကို ဂျိုးဇက်နဲ့တွေ့ပေးမယ်။ ရှင်တို့ချင်း ဘယ်နေ့မှာ ဘယ်အချိန်၊ ဘယ်နှနာရီတွေ့မယ်ဆိုတာကို အချိန်ဇယားဆွဲပြီး ညှိနှိုင်းကြပေါ့။ ဂျိုးဇက်နဲ့ အလုပ်တွဲလုပ်ရင် ရှင့်အတွက် အကျိုးရှိမယ်ဆိုတာ ကျွန်မ ရဲရဲကြီးအာမခံပါတယ်ရှင်"

ကျွန်တော့်အတွက် ဒီအနေအထားက စဉ်းစားစရာဖြစ်လာခဲ့ပါပြီ။ ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်းတွေကို ကျွန်တော် အခုပဲ ကိုယ်တိုင်ဆုံးဖြတ်ရတော့မှာမဟုတ်လား။ ကျွန်တော် အလုပ်ကနေ နုတ်ထွက်ဖို့

mgyoe.com

mgyoe.com


အစီအစဉ်တွေ ခေါင်းထဲမှာမရှိတော့ပါဘူး။ ဂျိုးဇက်နဲ့ တွေ့ဆုံရဖို့အရေး အတွက်သာ စိတ်စောနေမိပါတယ်။

အလက်ဆာက ကျွန်တော် ခေါင်းရှုပ်နေပုံကို ရိပ်မိပြီး ပြုံးနေလိုက်တယ်။ ပြီးမှ သူမက အခုလို ဆက်ပြောတယ်။

"ကျွန်မကတော့ ဂျိုးဇက်ကို မေးမြန်းစုံစမ်းခြင်းဆိုင်ရာ နည်းပြတစ်ယောက်လို့ ခေါ်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူက မေးခွန်းအမျိုးမျိုးကို ပြောင်းပြီးမေးတတ်တယ်။ သူပြောင်းလဲပြီးမေးတဲ့ မေးခွန်းတွေက ကျွန်မတို့ရဲ့ဘဝတွေကို အပြောင်းအလဲဖြစ်စေတဲ့ မေးခွန်းတွေပါပဲ"

အလက်ဆာက ခဏအကြာ ကျွန်တော့်ကို စာအိတ်တစ်အိတ် ကမ်းပေးတယ်။ ပြီးတော့ အခုလိုပြောပြတယ်။

"အခု ဒီစာအိတ်ထဲကို ကျွန်မရဲ့ ကြိုတင်ခန့်မှန်းချက်တစ်ခု ရေးပြီးထည့်ထားတယ်။ ရှင်နဲ့ ဂျိုးဇက် အလုပ်တွဲလုပ်တာတွေ မပြီးပြတ်ခင်အထိ ဒီစာအိတ်ကို ဖွင့်မကြည့်ရဘူး။ ရှင်တို့ အလုပ်တွေကို လက်စသတ်ပြီးမှသာ ဖွင့်ကြည့်ပါလို့ ကျွန်မ ပြောချင်တယ်။ ကျွန်မက ဖွင့်ဖို့အချိန်တန်ပြီ၊ ဖွင့်ကြည့်လိုက်တော့ လို့ ပြောမှသာ ဖွင့်ဖတ်စေချင်တယ်။ ကျွန်မပြောတာကို လက်ခံတယ်မဟုတ်လား ဘင်န်"

စကားဆုံးတာနဲ့ အလက်ဆာက ဂျိုးဇက်ရဲ့ Business Card ကို ကျွန်တော့်ဆီ ကမ်းပေးတယ်။ ကတ်ကို ကျွန်တော် လှန်ကြည့်လိုက်တော့ ကျောဘက်မှာ မေးခွန်းအမှတ်အသား "?" အကြီးကြီးတစ်ခု ရေးထားတာတွေ့ရတယ်။ ကျွန်တော် အဲဒါကိုမြင်ပြီး စိတ်အနှောင့်အယှက် ဖြစ်သွားတာတော့ အမှန်ပါပဲ။ ကျွန်တော့်အတွက် စဉ်းစားစရာတွေအများကြီး ဖြစ်သွားပါပြီ။ ဘစ်ဇနက်ကတ်ပြားမှာ မေးခွန်းအမှတ်သား ? အကြီးကြီးတပ်တဲ့လူနဲ့ ကျွန်တော် အလုပ်တွဲလုပ်ရမှာကို ကြိုတွေးပြီး စိတ်ဓာတ်တွေကျသွားတယ်။ ကျွန်တော်ယုံကြည်ထားတာတွေနဲ့ ဖီလာဆန့်ကျင်တဲ့သူဖြစ်နေမလား၊ ဂျိုးဇက်ဆိုသူက ဘယ်လိုလူမျိုးလဲ ဆိုတဲ့ မေးခွန်းတွေက ကျွန်တော့်ခေါင်းထဲကို စီတန်းဝင်ရောက်လာပါတော့တယ်။ ခဏအကြာ ကျွန်တော့်ရုံးခန်းဆီ ပြန်လျှောက်သွားလိုက်တယ်။ ခေါင်းတွေလည်း မူးနေပါပြီ။ ကျွန်တော့်စားပွဲအနောက်က ကုလားထိုင်မှာ ခြေပစ်လက်ပစ် ဝင်

mgyoe.com

mgyoe.com


ထိုင်ပစ်လိုက်တယ်။ ကျွန်တော် ဘာတွေဆက်လုပ်ရမှာလဲ၊ ကျွန်တော် ဘာတွေဖြစ်ပြီး ဘာတွေလုပ်ရမယ်၊ ဘာတွေကြုံတွေ့ရဦးမှာလဲ။ မေးခွန်းတွေက တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ကျွန်တော့်ခေါင်းထဲမှာ ပေါ်လာပြန်တယ်။

ကျွန်တော့်ရဲ့မျက်လုံးတွေက အဓိပ္ပာယ်မဲ့စွာနဲ့ ရုံးခန်းနံရံတွေဆီ ရောက်သွားတယ်။ အဲလ်ဘတ်အိုင်းစတိုင်း ကိုးကားပြောဆိုဖူးတဲ့စကားကို ပြန်လည်ကြားယောင်နေမိတယ်။ "အရာရာတိုင်းကို မေးခွန်းထုတ်ပါ"တဲ့။ လူတိုင်း နားလည်ထားတာက ခေါင်းဆောင်မှန်ရင် အမြဲတမ်း အဖြေမှန် ရှိရမယ်၊ မေးခွန်းထုတ်စရာမလိုဘူးဆိုတာဟာ မှန်သလား၊ မှားသလားဆို တာကို ကျွန်တော်ကိုယ်တိုင် အဖြေထုတ်ပေးဖို့ အချိန်တန်နေပါပြီ။

ကျွန်တော် ထိုင်ခုံမှာ ဆက်ထိုင်နေရင်းနဲ့ အလက်ဆာပေးလိုက်တဲ့ ဂျိုးဇက်ရဲ့ business card ကို ထပ်ကြည့်မိပြန်တယ်။ ကျွန်တော် နောက် တစ်ခု စဉ်းစားမိတာက အလက်ဆာဟာ ကျွန်တော့်ရဲ့ဇနီးသည် ဂရေ့စ် အကြောင်း လုံးဝမမေးတာပါပဲ။ အလက်ဆာက ကျွန်တော့်ဇနီးကို အရမ်း ချစ်တဲ့သူပါ။ ကျွန်တော်တို့လက်ထပ်မင်္ဂလာပွဲတုန်းကတောင် အလက်ဆာ ရောက်လာပါသေးတယ်။

ကျွန်တော်တို့ဇနီးမောင်နှံ စီးပွားရေးအဆင်မပြေဘဲ ဒုက္ခရောက်နေ တာကို တွေ့ရလို့ သူမ စိတ်မချမ်းမသာဖြစ်သွားပုံကို ကျွန်တော် သတိထား လိုက်မိပါတယ်။ ကျွန်တော် ဂျိုးဇက်ရဲ့ business card ကို ပြန်ကြည့်ပြီး အလက်ဆာနဲ့ သူမရဲ့ခင်ပွန်း စတန်းန်တို့ကို ဂျိုးဇက်က အများကြီးကူညီ ပေးခဲ့တဲ့အကြောင်း ပြန်ပြီးစဉ်းစားနေမိတယ်။ နောက်တော့ ကျွန်တော် ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားမလဲလို့တွေးပြီး အဲလ်ဘက်အိုင်းစတိုင်းရဲ့ 'အရာရာကိုမေးခွန်းထုတ်ပါ'ဆိုတဲ့အတိုင်း လိုက်နာဖို့ ကျွန်တော် ဆုံးဖြတ် ချက် ချလိုက်ပါတော့တယ်။

❖

mgyoe.com

mgyoe.com

အခန်း (၂)

# လက်ခံသဘောတူထားပြီးသည့် စိန်ခေါ်မှုတစ်ခု

**ဒီနေရာမှာ သင်ရလိုက်တဲ့အရာကို**
**ဟိုနေရာမှာ ရလိမ့်မည် မဟုတ် ...**

*မာရှယ်ဂိုးစမစ်*

ကျွန်တော်နဲ့ ဂျိုးဇက်အက်ဒ်ဝပ်ရဲ့ ချိန်းဆိုချက်ကတော့ နောက်တစ်နေ့ နံနက် ၁၀ နာရီမှာ ဖြစ်ပါတယ်။

ကျွန်တော်က ဂျိုးဇက်နဲ့တွေ့ဆုံမယ့်ကိစ္စနဲ့ အလက်ဆာနဲ့ ပြောဆိုဆွေးနွေးခဲ့တဲ့ ကိစ္စတွေကို ဇနီးသည် ဂရေ့စ်သိအောင် ပြောမပြရသေးပါဘူး။ အထူးသဖြင့် ကျွန်တော့်ရဲ့နုတ်ထွက်စာနဲ့ပတ်သက်တဲ့ကိစ္စကို ပြောပြလို့ လုံးဝမဖြစ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပြဿနာအဝဝကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ဖြေရှင်းလိုတယ်။ ဇနီးသည်ဂရေ့စ်ကို အလကားသက်သက် ဆွဲမထည့်ချင်တာကြောင့်ပါ။

နောက်တစ်နေ့နံနက်မှာ ဂရေ့စ်က အခြားမြို့တစ်မြို့ကို ကိစ္စနဲ့သွားရောက်ဖို့ လေယာဉ်အချိန်မီအောင် ထွက်လာတဲ့အခါ ကျွန်တော်လည်း သူမကို လေဆိပ်အထိလိုက်ပို့ပေးလိုက်ပါတယ်။ လေဆိပ်သာမိနယ်ရောက်တော့ ဂရေ့စ်က ကျွန်တော့်ကို အခုလိုထုတ်ပြောတယ်။

"ကျွန်မ အခုတစ်လော မုဆိုးမတစ်ယောက်လိုမျိုး ခံစားနေရတယ်။

mgyoe.com

mgyoe.com


ရှင်ကလည်း အခုတစ်လော ကျွန်မနဲ့ဝေးရာကို ရောက်နေတယ်နော်။ ဒီတော့ ကျွန်မ ရှင့်ကိုပြောချင်တယ် ဘင်န်၊ ရှင် ကျွန်မရဲ့လက်တွဲဖော်အစစ်အမှန် ဖြစ်ချင်တယ်ဆိုရင် အပြောင်းအလဲတချို့ကို လုပ်ဖို့လိုလိမ့်မယ်နော်"

ဂရေ့စ်ရဲ့ပြောစကားတွေအပေါ် ကျွန်တော်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မရှိခဲ့ပါဘူး။ ကျွန်တော် ဂရေ့စ်ကို ဘယ်လောက်ချစ်မှန်း ဘုရားသခင်သိပါတယ်။ ဒီတော့ ကျွန်တော် စိတ်ထဲကနေ "လောလော ဆယ် ငါ့အတွက် ဒါတွေမလိုအပ်ပါဘူး"လို့ ပြောလိုက်မိပါတယ်။

ဂရေ့စ်က ကျွန်တော့်ကို ခက်ထန်စွာနဲ့ကြည့်နေမှန်း သတိထားမိပါတယ်။ ကျွန်တော်က သူမယူဆောင်သွားရမယ့် ခရီးဆောင်သေတ္တာကို ကမ်းပေးလိုက်တဲ့အခါ သူမနဲ့ မျက်လုံးချင်းဆုံမိသွားတယ်။ ဂရေ့စ်က ငိုတော့မယ့်ဆဲဆဲဖြစ်နေတာကို ကျွန်တော် သတိထားလိုက်မိတယ်။ ကျွန်တော် ဂရေ့စ်နဲ့ ဆက်နေပြီး ဆွေးနွေးနေဦးမယ်၊ စကားနိုင်လုနေဦးမယ်ဆိုရင် ကျွန်တော် ဂျိုးဇက်နဲ့ချိန်းထားတာ နောက်ကျသွားမှာ အမှန်ပါပဲ။

တကယ်တော့ ကျွန်တော်တို့ဇနီးမောင်နှံပြဿနာက အသေးအဖွဲလေးသာ ဖြစ်ပါတယ်။ ခဏအကြာမှာ ဂရေ့စ်က ကျွန်တော့်ကို အားယူပြီး ပြုံးပြတယ်။ ညပိုင်းမှာ သူမ အိမ်ကိုပြန်လာမှာဖြစ်ပြီး သူမကို လာကြိုစရာ မလိုတဲ့အကြောင်းနဲ့ သူမအတွက် စိတ်ပူစရာမလိုတဲ့အကြောင်း ကျွန်တော့်ကို ပြောရင်း လူအုပ်ထဲ တိုးဝင်ပျောက်ကွယ်သွားပါတော့တယ်။ ရုတ်တရက် ဆိုတော့ ကျွန်တော် ဘာမှပြန်ပြောလိုက်ချိန် မရခဲ့ပါဘူး။ ဂရေ့စ်ကို နားမလည်စွာနဲ့ ကျွန်တော် အပြစ်တင်နေမိရင်း ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး ဒေါကန်နေမိတယ်။

"ဒီမိန်းမက ဘာကြောင့် ဒီနေ့မနက်ကျမှ လေယာဉ်စီးဖို့ စီစဉ်ရတာလဲ"

ကျွန်တော်က ပါးစပ်ကနေ အခုလိုရေရွတ်ရင်း ကားကို လီဗာတင်ပြီး မောင်းထွက်လာခဲ့ပါတော့တယ်။ ကျွန်တော် ကားမောင်းထွက်လာတဲ့ လမ်းတစ်လျှောက် ကားကိုအရှိန်မြှင့်ပြီး မောင်းနေသလို ဟွန်းကိုလည်း အဆက်မပြတ် တီးနေမိပါတယ်။

ကျွန်တော် အလျင်လိုစွာနဲ့ မောင်းနေတဲ့အခါကျမှပဲ လမ်းပေါ်မှာ

mgyoe.com

mgyoe.com


ကားတွေက ပြည့်နေတယ်။ ကျွန်တော်ကလည်း မလျှော့စတမ်းမောင်းနေတော့ သူများကားတွေကို တိုက်လုနီးပါး သိသိလေးလွတ်ရုံ မောင်းနေခဲ့ရပါတယ်။ ကျွန်တော်က ဇနီးသည်ဂရေ့စ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီးသွားပေမယ့် အခုတော့ ဂျိုးဇက်ကိုတွေ့ဖို့အရေးအတွက် စိတ်လောရပြန်ပါပြီ။ ဒါဟာ ပြဿနာတစ်ခု ရှေ့ကပြီးသွားပေမယ့် နောက်ထပ်ပြဿနာတွေက ဆက်လက်ဖြစ်ပေါ်တတ်တဲ့သဘောကို ထင်ရှားစေပါတယ်။

ယနေ့နံနက်ဟာ ကျွန်တော့်အတွက် ကံမကောင်းခြင်းတွေကို မွေးဖွားပေးတဲ့နံနက်လို့ ပြောရမလိုတောင် ဖြစ်နေပါပြီ။ ဂျိုးဇက်ရဲ့ရုံးခန်းက မြို့ထဲမှာရှိတဲ့ ပုလဲအဆောက်အအုံမှာ တည်ရှိတာပါ။ ပုလဲအဆောက်အအုံကို ၁၉၃၀ ခုနှစ်များအတွင်း တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၄ ထပ်ပါရှိတဲ့ အထပ်မြင့်အဆောက်အအုံတစ်ခုဖြစ်ပါတယ်။ ယနေ့ကာလအနေနဲ့ ပြောမယ်ဆိုရင် ရှေးဟောင်းအဆောက်အအုံတစ်ခုသာ ဖြစ်ပါတယ်။ အဆောက်အအုံထဲမှာ ရှော့ပင်းစင်တာတွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေက အစီအရီရှိနေကြပါတယ်။

ကျွန်တော်နဲ့ ဇနီးသည်ဂရေ့စ်တို့ မကြာခဏ ညနေစာလာစားတဲ့နေရာဆိုလည်း မမှားပါဘူး။ ဂရေ့စ်က အနုပညာကို ချစ်မြတ်နိုးတတ်သူဖြစ်တာကြောင့် မတ်ထရိုပိုးလ်လို့ခေါ်တဲ့ အနုပညာပစ္စည်းတွေ ရောင်းတဲ့နေရာလေးဆီ မကြာခဏရောက်တတ်ပါသေးတယ်။

ဂရေ့စ်လိုပဲ ကျွန်တော်ကလည်း အနုပညာကို ခံစားတတ်တယ်။ ဒါကြောင့် ဇနီးသည်က ပန်းချီ၊ ပန်းပုတွေကို စိတ်ဝင်တစား ကြည့်နေချိန်မှာ ကျွန်တော်က စာအုပ်တွေကို လှန်လှောကြည့်နေတတ်ပါတယ်။ ကျွန်တော်နဲ့ ဂရေ့စ်က အချိန်နာရီပေါင်းများစွာ အတူရှိနေခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်ကလို့ပဲ ပြောနိုင်ပါတော့တယ်။ အခုလက်ရှိမှာတော့ ကျွန်တော်တို့ဇနီးမောင်နှံက နည်းနည်းလောက် ဝေးကွာသလို ဖြစ်လာခဲ့ပါပြီ။

ကျွန်တော်က ဇနီးသည်ဂရေ့စ်ရဲ့အကြောင်းတွေကို စဉ်းစားရင်း ပုလဲအဆောက်အအုံရှေ့ကို ချဉ်းကပ်ရောက်ရှိလာခဲ့ပါတယ်။ ကျွန်တော်က ပုလဲအဆောက်အအုံရဲ့ ကြေးဝါရောင်ကိုယ်ထည်ရှိတဲ့ တံခါးမကြီးကို တွန်းဖွင့်လိုက်ပြီး စကျင်ကျောက်ခင်းထားတဲ့ ကြမ်းပြင်ပေါ် ဖြတ်လျှောက်သွားလိုက်

mgyoe.com

mgyoe.com


တယ်။ ပြီးတော့ ဓာတ်လှေကားတစ်စင်းထဲကို ဝင်လိုက်ပြီး အဆောက်အဦး ရဲ့ ထိပ်ဆုံး ဈေးကြီးလှတဲ့ ဂျိုးဇက်ရဲ့တိုက်ခန်းဆီ တက်သွားလိုက်တယ်။ ခဏအကြာ ဓာတ်လှေကားရပ်သွားတာနဲ့ အခန်းကျယ်ကြီးတစ်ခုရဲ့အဝင် ခန်းမတစ်ခုကို တွေ့လိုက်ရတယ်။

ကျွန်တော်က အိမ်ဦးခန်းကို အသာကျော်ပြီး ဖြတ်သွားလိုက်တယ်။ ခဏအကြာ အနုပညာလက်ရာမြောက်တဲ့ ပန်းချီ၊ ပန်းပုတွေကို နံရံတစ်ခု အပေါ် အစီအရီချိတ်ဆွဲထားတာကို တွေ့လိုက်ရတယ်။ ကျွန်တော်က အခုလို အနုပညာပစ္စည်းတွေ တွေ့ရတော့ ဇနီးသည်ဂရေ့စ်ကို ပြေးပြီးသတိရမိတယ်။

"ခင်ဗျားက ဘင်န်နိုက်တ် ပဲ ဖြစ်ရမယ်"ဆိုတဲ့ စကားသံနဲ့အတူ ဂျိုးဇက်အက်ဒ်ဝပ်က ကျွန်တော့်ဆီ တက်ကြွရွှင်လန်းတဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတာကို တွေ့လိုက်ရတယ်။

ဂျိုးဇက်က အခုမှ အသက် ၆၀ ကျော်ရုံလေးပဲ ရှိလောက်မယ်လို့ ကျွန်တော် ခန့်မှန်းလိုက်တယ်။ ဒါပေမဲ့ ဂျိုးဇက်ရဲ့လှုပ်ရှားမှုတွေက တာတို အပြေးသမားတစ်ယောက်ရဲ့အသွင်သဏ္ဌာန်လိုမျိုး ရွှင်လန်းတက်ကြွနေတာ က အထင်းသားပါ။ ဂျိုးဇက်ရဲ့အရပ်အမောင်းက ၅ ပေ ၉ လက်မထက်တော့ မကျော်ပါဘူး။ နောက်ပြီး သူက အစင်းကျားတွေပါတဲ့ သိုးမွေးဆွယ်တာကို ဝတ်ထားတယ်။ ပြီးတော့ တောက်ပြောင်လင်းလက်နေတဲ့ ဂျိုးဇက်ရဲ့အဝတ် အစားတွေက ကျွန်တော့်ရဲ့မျက်လုံးတွေကို ကျိန်းစပ်စေခဲ့ပါတယ်။

ဂျိုးဇက်ဆိုတဲ့ပုဂ္ဂိုလ်ကို ကျွန်တော့်ရဲ့စိတ်ကူးထဲမှာ ပုံဖော်ခဲ့ပေမယ့် တကယ့်လက်တွေ့မြင်လိုက်ရတဲ့ ဂျိုးဇက်ဆိုသူကတော့ ကျွန်တော်ထင် ထားတာတွေအားလုံးနဲ့ တခြားစီဖြစ်နေပါတော့တယ်။

ဂျိုးဇက်ရဲ့ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေ ရိတ်သင် ထားတဲ့ မျက်နှာတစ်ခုလုံးဟာ သူ့ရဲ့ပျော်ရွှင်ရယ်မောစွာရှိနေတဲ့ ဟန်အမူ အရာတွေကြောင့် ပိုမိုဝင်းလက်တောက်ပနေတယ်လို့ ကျွန်တော်ထင်မိတယ်။ နောက်ပြီး သူ့ရဲ့ ညိုမှောင်တဲ့မျက်လုံးအစုံဟာ ကလေးတစ်ယောက်ရဲ့ စိတ် လှုပ်ရှားချိန် ဖြစ်တတ်တဲ့ မျက်ဝန်းအစုံအတိုင်း တဖျတ်ဖျတ် တောက်ပနေ သလို သူ့ရဲ့ခေါင်းကို ကြည့်လိုက်ပြန်တော့ ခွေလိပ်နေတဲ့ ဖြူလွှလွှဆံပင် တွေကို တွေ့ရပြန်တယ်။ တစ်နည်းအားဖြင့် ဂျိုးဇက်ဟာ အဲလ်ဘတ်အိုင်း

mgyoe.com

mgyoe.com

စတိုင်းရဲ့ နောက်ဆုံးနေ့ရက်တွေကို တွေ့ကြုံဖူးတဲ့သူတစ်ယောက်အဖြစ် ဖော်ပြအသိပေးနေသလိုပဲလို့ ကျွန်တော် ကောက်ချက်ချလိုက်မိပါတယ်။

ဂျိုးဇက်က ကျွန်တော့်ကို နွေးထွေးစွာနဲ့ လက်ခံကြိုဆိုပါတယ်။ ခဏအကြာ သူ့ရဲ့ရုံးခန်းရှိရာ ခန်းမကျယ်ကြီးတစ်ခုဆီ ကျွန်တော့်ကို ခေါ်ဆောင်သွားခဲ့တယ်။ ဂျိုးဇက်က နံရံတွေမှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေအကြောင်း၊ မဂ္ဂဇင်းဆောင်းပါးနဲ့ စာတွေကို ဓာတ်ပုံတွေလိုမျိုး မှန်ပေါင်သွင်းထားရတဲ့အကြောင်းတွေကို ရှင်းပြပေးပါတယ်။

ကျွန်တော်နဲ့ ဂျိုးဇက်တို့ စကားတပြောပြောနဲ့ လျှောက်လာရင်း နံနက်ပိုင်း နေရောင်ခြည်တွေ ကျရောက်နေတဲ့ ဘယ်ဘက်ကအခန်းကျယ်ကြီးဘက်ဆီ ချိုးကွေ့လိုက်ပါတယ်။

ဂျိုးဇက်နဲ့ ကျွန်တော်တို့ ဝင်သွားတဲ့ အခန်းကျယ်ကြီးထဲမှာ ခေတ်မီအသုံးအဆောင်တွေ၊ ဇိမ်ခံပစ္စည်းတွေ ပြည့်နှက်နေတဲ့အပြင် အုတ်နဲ့တည်ဆောက်ထားတဲ့ မီးလင်းဖို၊ သစ်ကြားသားနဲ့လုပ်ထားတဲ့ အစည်းအဝေးသုံး စားပွဲ၊ ၎င်းစားပွဲနဲ့လိုက်ဖက်တင့်တယ်မှုရှိတဲ့ ကုလားထိုင်တွေရှိနေတာတွေ့ရပါတယ်။

ကျွန်တော်က ဂျိုးဇက်ရဲ့အခန်းထဲက ဓာတ်ပုံတွေကိုကြည့်ရင်း ဓာတ်ပုံထဲက လူအချို့ကို မြင်ဖူးသလို ခံစားလိုက်ရတယ်။ တကယ်တော့ အဲဒီလူတွေအားလုံးဟာ ဂျိုးဇက်ရဲ့ကျေးဇူးကြောင့် အောင်မြင်ခဲ့သူတွေ ဖြစ်တာကို နောက်ပိုင်းမှာ သိလိုက်ရပါတယ်။

နောက်တော့ ဂျိုးဇက်ရေးသားထားတဲ့ စာအုပ် ၃ အုပ်ကို တွေ့ရပြန်တယ်။ စာအုပ်တစ်အုပ်စီရဲ့ နာမည်ခေါင်းစဉ်တွေကို လေ့လာလိုက်တော့ မေးခွန်းများကို စဉ်းစားခြင်း (Question Thinking)လို့ ရေးထားတာ တွေ့ရပါတယ်။ ခဏအကြာ ကျွန်တော်နဲ့ ဂျိုးဇက်တို့ နှစ်ယောက်သား ထိုင်လိုက်ကြတယ်။ ကျွန်တော်က လက်တန်းပါထိုင်ခုံ ခုံရှည်ကြီးမှာ ထိုင်လိုက်ပြီး ဂျိုးဇက်ကတော့ ကျွန်တော်နဲ့အနီးဆုံးခုံမှာပေါ့။ ဂျိုးဇက်က ကိုင်းမပါတဲ့ စာကြည့်မျက်မှန်ကို ဘယ်ဘက်လက်နဲ့ ချွတ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို အခုလိုပြောလိုက်တယ်။

"ကျုပ်မျှော်လင့်ထားတာထက် ခင်ဗျားနဲ့ ကျုပ် အလုပ်တွဲလုပ်မယ့်

mgyoe.com

mgyoe.com


အစီအစဉ်က ပိုပြီးမြန်နေတယ်လို့ ပြောရမယ်"

ဂျိုးဇက်ရဲ့စကားကြောင့် ကျွန်တော့်နားကိုတောင် မယုံနိုင်အောင် ဖြစ်ခဲ့ရတယ်။ သူက နောက်နေတာများလားလို့ ကျွန်တော် ထင်မိတယ်။ ခဏအကြာမှာ ဂျိုးဇက်က အခုလိုဆက်မေးတယ်။

"ခင်ဗျားမှာ ကောင်းတာတွေ အများကြီးရလာရင် ဒုက္ခရောက်တော့မယ်လို့ ယုံကြည်သလား"

ဒီအခါ ကျွန်တော်က "ခင်ဗျားပြောတာကို နားမလည်ပါဘူး"လို့ ပြန်ဖြေလိုက်ပါတယ်။ ဒါကို ဂျိုးဇက်က လက်မလျှော့သေးဘဲ အခုလို မေးခွန်းတစ်ခု ထပ်မေးပါတယ်။

"ခင်ဗျားရဲ့တိုးတက်မှုတွေအတွက် ခင်ဗျားရဲ့ဇနီးသည်နဲ့အတူ စခန်းသွားလို့ ဖြစ်ရဲ့လား"

ကျွန်တော့်အနေနဲ့ ဂျိုးဇက်ရဲ့မေးခွန်းတိုင်းဟာ ကျွန်တော့်ဘဝကို အပြောင်းအလဲတွေနဲ့အတူ တိုးတက်စေလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဒါကြောင့်လည်း သူ့မေးခွန်းတွေကို ကျွန်တော် တစ်ခုပြီးတစ်ခု သတိထား ဖြေဆိုဖို့ ကြိုးစားလိုက်ပါတယ်။

"အဲဒါက ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် ကျွန်တော့်ရဲ့ပြုမူလှုပ်ရှားမှုတွေက ဇနီးသည်ဂရေ့စ်ကို မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဖြေဆိုချက် ဆုံးသွားတော့ ဂျိုးဇက်က မေးခွန်းနောက်တစ်ခု မမေးသေးဘဲ ပြုံးရွှင်တဲ့မေတ္တာနဲ့ အခုလိုပြောပြတယ်။

"ကျုပ် အခုမေးနေတဲ့ မေးခွန်းတွေက ပြောဆိုဆက်ဆံရေးမှာ အရေးပါတယ်နော်။ နောက်ပြီး ဘဝတိုးတက်ရေးအတွက်လည်း မမေးမဖြစ်တဲ့ မေးခွန်းတွေကို မေးထားတာ။ ပြီးတော့ တိုးတက်အောင်မြင်ရေးအတွက် စဉ်းစားတယ်ဆိုရင် စဉ်းစားတွေးခေါ်ခြင်းကို ကျွမ်းကျင်လာစေတဲ့ မေးခွန်းတွေကို မေးတတ်ဖို့လိုတယ်ဗျ။ စဉ်းစားတွေးခေါ်ဉာဏ်စွမ်းကို အသုံးချရတဲ့ မေးခွန်းတွေပေါ့ဗျာ"

"ခင်ဗျားဘက်က မေးခွန်းတွေရဲ့ ကြီးမားတဲ့စွမ်းအားကို အမိအရ ဆုပ်ကိုင်ထားနိုင်ချင်တယ်ဆိုရင် အဲဒီမေးခွန်းတွေက ခင်ဗျားရဲ့ဘဝကို လုံးဝဥသုံ ပြောင်းလဲပေးမှာ အမှန်ပဲ။ ကျုပ်တို့က အကြောင်းအရာတစ်ခုကို

mgyoe.com

mgyoe.com


ဆင့်ကဲမေးခွန်းထုတ်တတ်လာရင် မေးခွန်းတွေရဲ့ ထူးခြားတဲ့အရည်အသွေးတွေကို ဆင့်ကဲနားလည်နိုင်ပါလိမ့်မယ်။

ဒါကြောင့်လည်း ရိုမေးနီးယားက နာမည်ကျော်ပြဇာတ်ရေးဆရာ အူဂျီနီက ပြောတာပေါ့။ လူတွေရဲ့ အသိဉာဏ်အလင်းကို ရစေတာ အဖြေတွေမဟုတ်ဘူးတဲ့။ မေးခွန်းတွေသာ ဖြစ်တယ်တဲ့လေ"

ဂျိုးဇက်က ပြောနေရင်းကနေ ရပ်လိုက်တယ်။ ကျွန်တော်ကတော့ သူထပ်ပြောမယ့်စကားတွေ တသီတတန်းကို နားထောင်ဖို့ စောင့်ဆိုင်းနေလိုက်တယ်။ ဂျိုးဇက်က စကားကို ဆက်လိုက်ပါပြီ။

"ခင်ဗျား စဉ်းစားတွေးခေါ်ခြင်းဆိုင်ရာ မေးခွန်းဆိုတာကို အရင်က ကြားဖူးလား"

ကျွန်တော်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး ပါးစပ်ကနေ အခုလို ဖြေလိုက်တယ်။

"နိုး၊ ကျွန်တော် တစ်ခါမှမကြားဖူးဘူး"

ဒီတစ်ခါ ဂျိုးဇက်က ကျွန်တော့်ကို စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြတယ်။

"စဉ်းစားတွေးခေါ်ခြင်းဆိုင်ရာ မေးခွန်းဆိုတာက ကိုယ်စွမ်း၊ ဉာဏ်စွမ်းနဲ့ ကိုယ့်မှာရှိတဲ့ အထုံပါရမီတွေကို အသုံးချပြီး ဖြေဆိုရတဲ့မေးခွန်းကို ခေါ်တယ်။ စဉ်းစားတွေးခေါ်မှုပါတဲ့ မေးခွန်းတွေ များများမေးတဲ့အခါ ဘဝတိုးတက်မှုနဲ့ဆိုင်တဲ့ မေးခွန်းတွေကိုပါ အဆင့်ဆင့် သုံးစွဲတတ်လာပြီး အောင်မြင်မှုတွေ ဆင့်ကဲရရှိလာမယ်လေ။

"စဉ်းစားတွေးခေါ်ဉာဏ်ပါတဲ့ မေးခွန်းတွေကို မေးတဲ့အခါ ကျုပ်တို့ရဲ့ ဘဝအချိန်အခိုက်အတန့်တိုင်းကို ပိုမိုအဓိပ္ပာယ်လေးနက်လာစေပြီး ဘဝတိုးတက်မှုအခြေအနေအဝဝကို ဖြစ်ပေါ်လာစေပါတယ်။

"မေးခွန်းများကို စဉ်းစားတွေးခေါ်ခြင်း၊ စဉ်းစားတွေးခေါ်ဉာဏ်ပါတဲ့ မေးခွန်းများကို မေးမြန်းခြင်းဟာ ကျွန်ုပ်တို့ရဲ့ တွေးခေါ်စဉ်းစားခြင်း၊ ပြုမူဆောင်ရွက်ခြင်းတွေကို အသွင်ပြောင်းလဲစေပြီး မေးခွန်းများကို မေးမြန်းခြင်းမှာ ကျွမ်းကျင်လာတဲ့အခါ မေးခွန်း၏အရည်အသွေးမြင့်မားမှုအလိုက် ဘဝတိုးတက်မှုတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။ သတိပြုရမယ့်အချက်ကတော့ ကျွန်ုပ်တို့ရဲ့ပြဿနာတိုင်းကို ပုံစံတစ်မျိုးတည်း စဉ်းစားခြင်းဖြင့်

mgyoe.com

mgyoe.com


မဖြေရှင်းနိုင်ဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်"

ခဏအကြာ ဂျိုးဇက်က သူ့မျက်မှန်ကို အသာချွတ်လိုက်ပြီး ကျွန်တော့်ကို အခုလိုပြောလိုက်တယ်။

"ဒီမှာ ဘင်န်၊ ခင်ဗျား ရင်ဆိုင်စရာရှိတာတွေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်စမ်းပါ။ ခင်ဗျား အခုလောလောဆယ် ဒုက္ခရောက်နေတယ်မဟုတ်လား။ ကျုပ် ခင်ဗျားကို ကူညီနိုင်မယ်လို့ထင်ပါတယ်။ အလက်ဆာကလည်း ခင်ဗျားရဲ့လုပ်ရည်ကိုင်ရည်ကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တာနော်။ ခင်ဗျားက အောင်မြင်ဖို့ ဖြစ်နိုင်ခြေအများဆုံးအခြေအနေမှာ ရှိနေတယ်လို့ သူမက ယုံကြည်ထားတယ်။ ဒီတော့ ဘင်န်ဆိုတဲ့ ခင်ဗျားဟာ သူများ မေးခွန်းတွေကိုပဲ ထိုင်ဖြေနေရတဲ့သူ မလုပ်ဘဲ ကိုယ်တိုင်မေးခွန်းထုတ်နိုင်တဲ့သူဖြစ်အောင် ကြိုးစားဖို့လိုပါတယ်"

စကားဆုံးတာနဲ့ ဂျိုးဇက်က သူ့အလုပ်စားပွဲဆီ လျှောက်သွားပြီး အံဆွဲထဲကနေ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်တယ်။ ပြီးတော့ သူက ကျွန်တော့်ကို ကမ်းပေးတယ်။ ဂျိုးဇက်ပေးတာက စာအုပ်တစ်အုပ်ပါ။ ဒါပေမဲ့ ရိုးရိုးစာအုပ်တော့မဟုတ်ပါဘူး။ ဂျိုးဇက်ပေးတဲ့စာအုပ်ပေါ်မှာ ရေးထားတာက "မေးခွန်းများကို စဉ်းစားခြင်း လေ့ကျင့်ခန်းစာအုပ်" တဲ့။

ကျွန်တော်က စာအုပ်ကို ဟိုဒီလှန်လှောကြည့်လိုက်တယ်။ ထိုအချိန်မှာ ဂျိုးဇက်က ဆက်ပြောတယ်။

"အဲဒီစာအုပ်ထဲမှာ ဘယ်လိုမေးခွန်းတွေကို မေးနိုင်တဲ့သူတွေက ဦးစီးခေါင်းဆောင်နိုင်စွမ်းတွေနဲ့ ဘဝရဲ့အောင်မြင်မှုကို ဘယ်လိုရယူနိုင်ကြတယ်။ သူများမေးတာကိုပဲ ဖြေနေရတဲ့သူအတွက် အောင်မြင်မှုနဲ့ ဘယ်လောက်ထိဝေးနေရမယ်ဆိုတာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရှင်းပြထားတယ် ဘင်န်။ ခင်ဗျားက နည်းပညာနဲ့ဆိုင်တဲ့ အင်ဂျင်နီယာအတတ်မှာ ထူးချွန်တယ်။ အလုပ်လုပ်ရာမှာလည်း စမတ်ကျတယ်။ ခင်ဗျားက ရုပ်ဝတ္ထုပစ္စည်းတွေကို အသုံးချရုံပဲ။ တကယ်အလုပ်လုပ်ရမှာကတော့ လူတွေနဲ့တွဲလုပ်ရမှာလေ။ လူတွေနဲ့ လက်တွဲပူးပေါင်းတဲ့အခါ မေးခွန်းတွေ များများမေးနိုင်ဖို့လိုတယ်။ ခင်ဗျားက ဘယ်သူ့အတွက်ကြောင့်ဖြစ်ဖြစ် ထိခိုက်နစ်နာစရာမလိုဘူး။ ကိုယ့်စည်း ကိုယ်လုံနေအောင် သတိပြုဖို့ပဲလိုတယ်။ ဒါကြောင့် သူများမေးတာ

mgyoe.com

mgyoe.com


ကိုချည်း ဖြေဖို့မကြိုးစားနဲ့။ ကိုယ့်ဘက်က မေးနိုင်စွမ်းများများရှိအောင်သာ ကြိုးစားပေးပါ။

ခေါင်းဆောင်တစ်ယောက်ဖြစ်လာတဲ့ ဘယ်သူမဆို မေးစရာမေးခွန်းတွေ များစွာပိုင်ဆိုင်ထားဖို့လိုတယ်။ ပြောဆိုဆက်ဆံရေးမှာလည်း မေးခွန်းတွေနဲ့ပဲ အစပြုပေးပါ။ တကယ်လို့ ခင်ဗျားဘက်က မေးခွန်းမေးနိုင်စွမ်းတွေ အားနည်းလာရင် ခင်ဗျားရဲ့လက်အောက်ကလူတွေမှာ ဘာတွေလိုအပ်နေတယ်၊ လူတွေက ဘာတွေကို စဉ်းစားတွေးခေါ် ကြံစည်နေတယ်၊ ခင်ဗျားနဲ့ပတ်သက်တဲ့အကြောင်းတွေ ဘာတွေဝေဖန်နေတယ်ဆိုတာကို သိရှိခွင့်မရတော့တဲ့အပြင် ခင်ဗျားရဲ့ဘဝ တိုးတက်အောင်မြင်ရေးကို တစ်စိတ်တစ်ပိုင်း အကျိုးပြုမယ့် သတင်းအချက်အလက်တွေကိုလည်း သိရှိခွင့် မရနိုင်တော့ဘူးလေ။ ဒီတော့ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် စမေးသင့်တဲ့မေးခွန်းတွေရှိတယ်။ မေးကြည့်ပါ။ ဥပမာအနေနဲ့ 'လူတွေအားလုံး အလုပ်အဆင်ပြေစွာနဲ့ လုပ်ကိုင်နိုင်အောင် ငါ ဘာလုပ်ပေးနိုင်မလဲ'၊ 'ဝန်ထမ်းအားလုံးနဲ့ အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ဖို့ ငါ ဘာတွေလုပ်ပေးနိုင်မလဲ'၊ 'ငါ့ဆီက အကူအညီတွေကို ဘယ်သူတွေက လိုအပ်နေသလဲ'၊ 'ငါသတိမထားမိတဲ့ ပြဿနာတွေကို ဝန်ထမ်းတွေက ဘယ်လိုများ ဖြေရှင်းလိုက်ကြသလဲ' ဆိုတဲ့ မေးခွန်းတွေပေါ့။ ကျုပ်က ဒီလိုလုပ်ပါလို့ ခင်ဗျားကို အတင်းအကြပ်မတိုက်တွန်းလိုဘူး။ အကြံပြုရုံသက်သက်နဲ့ ပြောပြတာပါ။ ကျန်တဲ့အပိုင်းကတော့ ခင်ဗျားကိုယ်တိုင်ဆုံးဖြတ်ရမယ့် အပိုင်းပဲ။

နောက်ထပ် ခင်ဗျားသိထားသင့်တဲ့ကိစ္စကို ပြောပြမယ်။ အဲဒါက အလက်ဆာကိုယ်တိုင် ခင်ဗျားရဲ့ မေးခွန်းမေးနိုင်စွမ်းတွေကို ယုံကြည်လက်ခံထားတယ်ဆိုတဲ့အကြောင်းပါ။ ဒီတော့ ခင်ဗျားမှာ ရွေးချယ်စရာတွေ ရှိလာပြီလို့ ဆိုနိုင်ပြီ။ ဒါကြောင့် ကျုပ်ကိုယ်တိုင် မဖြေနိုင်တဲ့မေးခွန်းတွေကို ခင်ဗျားက မေးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

ခင်ဗျား မေးခွန်းတွေမေးရာမှာ အတတ်နိုင်ဆုံး မေးခွန်းတစ်ခုနဲ့တစ်ခု မတူအောင်နဲ့ မေးခွန်းသစ်တွေ များများမေးလာနိုင်အောင် ကြိုးစားဖို့လိုပါတယ်။ ကျုပ်အနေနဲ့ကတော့ အခုလို မေးခွန်းတွေကို စံနမူနာအဖြစ် မေးစေ

mgyoe.com

mgyoe.com


ချင်ပါတယ်။ ခင်ဗျားမေးရမယ့်မေးခွန်းတွေက ခင်ဗျားကိုယ်ခင်ဗျား အရင်ဆုံး မေးရမယ့်မေးခွန်းတွေပါပဲ။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းများများမေးနိုင်မှလည်း သူများတွေကို မေးခွန်းထုတ်နိုင်မှာမဟုတ်လား"

- ➤ လူအများစုရဲ့မေးခွန်းတွေနဲ့ အကြံပြုချက်တွေကို ငါက အမှန်တကယ်နားထောင်နိုင်စွမ်း ရှိပါ့မလား။
- ➤ ငါက သူတို့ရဲ့မေးခွန်းတွေနဲ့ အကြံပြုချက်တွေကို အသေအချာ အာရုံစိုက် နားထောင်ပေးမယ်ဆိုရင် သူတို့က နှစ်သက်ဝမ်းမြောက်ကြမှာလား။
- ➤ ငါ့ရဲ့လေးစားခြင်းခံရတယ်လို့ သူတို့ ခံစားရပါသလား။
- ➤ လူတွေက သူတို့ရဲ့စိတ်ကူးအကြံဉာဏ်ကောင်းတွေနဲ့ စွန့်စားနိုင်စွမ်းတွေကို မျှဝေဖို့ ကမ်းလှမ်းခံရတဲ့အခါ စိတ်ကျေနပ်ဝမ်းမြောက်မှု ဖြစ်ပါသလား။

ဂျိုးဇက်က ပြောရင်းနဲ့ စကားကို ရပ်လိုက်တယ်။ ပြီးမှ ကျွန်တော့်ကို အခုလို ဆက်ပြောပြတယ်။

"ခင်ဗျားကိုကြည့်ရတာ သိပ်ပြီးစိတ်ရှုပ်နေသလိုပဲ။ ခင်ဗျား ဘာတွေဖြစ်နေတယ်ဆိုတာကို ကျွန်တော့်ကို မျှဝေတဲ့အနေနဲ့ ပြောပြပေးပါလား ဘင်န်"

ကျွန်တော်က ဂျိုးဇက်ရဲ့စကားကို မတုံ့ပြန်ခင် အချိန်ခဏလောက်ယူပြီး ကျွန်တော့်ရဲ့စိတ်ကူးအတွေးအခေါ်တွေကို ပြန်လည်စုစည်းလိုက်တယ်။ ကျွန်တော် ဂျိုးဇက်ရဲ့စကားကို လက်ခံတယ်။ သူပြောတာကလည်း သဘာဝကျပါတယ်လေ။ ဂျိုးဇက်ရဲ့သီအိုရီက မှန်ကန်တယ်လို့ ကျွန်တော် လက်ခံယုံကြည်လိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်က ဂျိုးဇက်ကို အဖြေပေးလိုက်တယ်။

"ကျွန်တော် ခင်ဗျားနဲ့ အလက်ဆာရဲ့ အကြံပေးချက်တွေကို လုံးဝလက်ခံပါတယ်"

ကျွန်တော့်ရဲ့အဖြေစကားကို ဂျိုးဇက်က ခေါင်းညိတ်ထောက်ခံလိုက်ပြီး အခုလိုပြောလိုက်တယ်။

"ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အသွေးတွေထဲမှာ ဆက်

mgyoe.com

mgyoe.com


ဆံရေးကောင်းတွေ တည်ဆောက်နိုင်ဖို့၊ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းတွေ ရှိဖို့ လိုအပ်သလို မေးခွန်းတွေမေးတတ်ဖို့ကလည်း အရေးကြီးတယ်လေ။ ဒါမှလည်း အောင်မြင်တဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ရပ်တည်နိုင်မှာ မဟုတ်လား"

❖

mgyoe.com

mgyoe.com

အခန်း (၃)

# ရွေးချယ်ခြင်း မြေပုံ

**မြေပုံတွေဟာ ကျွန်ုပ်တို့ရဲ့ တည်နေရာကို ကူညီညွှန်ပြပေးနိုင်ရုံမက ကျွန်ုပ်တို့ ဘယ်ကလာတယ်၊ ဘယ်ကိုသွားမယ်ဆိုတာကိုပါ သိအောင်လမ်းပြပေးပါတယ်။**

***ဂါဘရီရယ်လီရိုသ်***

ဂျိုးဇက်နဲ့ ကျွန်တော် စကားဆက်ပြောဖြစ်တဲ့အခါ ဂျိုးဇက်က သူ့ရုံးခန်းနံရံမှာ ချိတ်ဆွဲထားတဲ့ မြေပုံကို လက်ညှိုးညွှန်ပြတယ်။ ကျွန်တော်က အဲဒီမြေပုံကို စောစောကတည်းက သတိထားမိခဲ့ပေမယ့် သိပ်ပြီး စိတ်ဝင်စားမှု မရှိခဲ့ပါဘူး။

"ဒါက ကျုပ်တို့အတွက် ရွေးချယ်ထားတဲ့ မြေပုံလေ"လို့ ဂျိုးဇက်က ရှင်းပြတယ်။ ပြီးတော့ သူက အခုလို စကားဆက်တယ်။

"ဒီမြေပုံက ကျုပ်တို့ဘဝတစ်သက်တာအတွက် လျှောက်လှမ်းရမယ့် အခြေခံလမ်းကြောင်းနှစ်ခုကို ဖော်ပြပေးထားတယ်။ ပထမလမ်းကြောင်းက လေ့လာသင်ယူသူရဲ့ ပုံစံကျနေတဲ့ အတွေးအခေါ်လမ်းကြောင်းဖြစ်ပြီး၊ ဒုတိယလမ်းကြောင်းကတော့ အကဲဖြတ်သူရဲ့ ပုံစံကျနေတဲ့ အတွေးအခေါ်လမ်းကြောင်းပဲဖြစ်တယ်။ တကယ်တမ်းပြောရရင် ဒီမြေပုံဟာ ကျုပ်တို့ရဲ့ ရွေးချယ်နိုင်စွမ်းတွေကို ကိုယ်စားပြုတယ်။

mgyoe.com

mgyoe.com


မြေပုံရဲ့ ဝဲဘက်ကိုကြည့်ရင် လူပုံသဏ္ဍာန်တစ်ခုက အစမြားရဲ့ အပေါ်ဘက်မှာ မတ်တတ်ရပ်နေတဲ့ပုံကို တွေ့ရပါမယ်။ လမ်းကြောင်းနှစ်ခုရဲ့အကြားကို ကြည့်ရင် ကန့်လန့်ဖြတ်လမ်းတွေကို တွေ့ရပါမယ်။ လူပုံသဏ္ဍာန်က ခင်ဗျားနဲ့ကျုပ်ကို ကိုယ်စားပြုတယ်။ ခင်ဗျား (သို့) ကျုပ်ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးစလုံးကို ရည်ညွှန်းတာပေါ့။

ကျုပ်တို့ရဲ့ ဘဝတွေဟာ လေ့လာသူရဲ့ အတွေးအခေါ်လမ်းကြောင်းနဲ့ အကဲဖြတ်သူရဲ့ အတွေးအခေါ်လမ်းကြောင်းတို့အကြားမှာရှိတဲ့ ကန့်လန့်ဖြတ်လမ်းတွေကို ရွေးချယ်လျှောက်လှမ်းခြင်းနဲ့ အချိန်ကုန်ရတာပါ။

လမ်းကြောင်းရွေးချယ်လျှောက်လှမ်းခြင်းဆိုတာဟာ ကျုပ်တို့ ခင်ဗျားတို့ အားလုံး နေ့စဉ်နဲ့အမျှ မေးခွန်းတွေနဲ့ ရင်ဆိုင်ရခြင်းကို ဆိုလိုတာပါ"

ဂျိုးဇက်က ကျွန်တော့်ကို လိုအပ်တာတွေ ပြောပြပြီး မြေပုံရဲ့ဝဲဘက် အစမြားအနီးမှာ ရေးထိုးထားတဲ့ လက်မှတ်နှစ်စုံကို လက်ညှိုးထိုးပြတယ်။

လေ့လာသင်ယူသူရဲ့ လမ်းကြောင်းပေါ်မှာ ရေးထိုးထားတဲ့လက်မှတ်ကတော့ ရွေးချယ်ပါ (choose)လို့ အဓိပ္ပာယ်ရပါတယ်။

အကဲဖြတ်သူရဲ့လမ်းကြောင်းပေါ်မှာ ရေးထိုးထားတဲ့ လက်မှတ်ကတော့ တုံ့ပြန်ပါ (React)လို့ အဓိပ္ပာယ်ရပါတယ်။


ကျွန်တော်က လေ့လာသင်ယူသူနဲ့ဆိုင်တဲ့ ရွေးချယ်ခြင်းသဘောဆောင်လမ်းကြောင်းကို ကြည့်လိုက်တာနဲ့ အဲဒီလမ်းကြောင်းက ကျွန်တော့်ကို ဆွဲဆောင်လျက်ရှိနေပါတယ်။

အကဲဖြတ်သူနဲ့ဆိုင်တဲ့ တုံ့ပြန်ခြင်းသဘောဆောင် လမ်းကြောင်းကို ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော့်အတွက် စိတ်ဓာတ်ကျစရာတွေ ဖြစ်လာစေပါတယ်။

mgyoe.com

mgyoe.com


ရွေးချယ်ခြင်းမြေပုံပါ လမ်းကြောင်းနှစ်ခုနှင့်ပတ်သက်သော မေးခွန်းများ




* ရွေးချယ်ခြင်းမြေပုံတွင်ပါ အချက်အလက်များအား ဂျိုးဇက်က အခုလို ထပ်ဆင့်ရှင်းပြပေးပါတယ်။

## Judger Place

**အကဲဖြတ်သူ၏နေရာ**

အကဲဖြတ်သူ၏နေရာတွင် ရောက်ရှိနေသည့် ဘယ်သူ့ကိုမဆို ဘယ်သူကမှ ကူညီ၊ ကယ်တင်ပေးနိုင်မည်မဟုတ်။

လူနှစ်ဦးက အကဲဖြတ်သူ၏နေရာမှာ ရှိနေသောအခါ ပထမဆုံး နိုးကြားသူက အားသာချက်ရှိနေပါလိမ့်မယ်။ ထိုပုဂ္ဂိုလ်အနေဖြင့် လေ့လာသင်ယူသူ လမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းပြီး အခြေအနေအရပ်ရပ်အား ကောင်းမွန်အောင် ပြောင်းလဲပေးနိုင်ပါတယ်။

mgyoe.com

mgyoe.com


**ရွေးချယ်ခြင်းမြေပုံနှင့်ပတ်သက်ပြီး မိမိကိုယ်မိမိ မေးရမည့်မေးခွန်းများ**

- ဒါ ဘယ်သူ့အပြစ်လဲ။
- ကျွန်ုပ် ဘာဖြစ်တာလဲ။
- ကျွန်ုပ် ဘာကြောင့် အခုလိုကျရှုံးရတာလဲ။
- ဘာကြောင့် လူတိုင်းက ဒီလောက်မိုက်မဲပြီး စိတ်ရှုပ်ထွေးနေရတာလဲ။
- ဘာကြောင့် စိတ်ဓာတ်ကျစရာတွေ ရှိနေရတာလဲ။

**လေ့လာသူနှင့် အကဲဖြတ်သူတို့၏ ကွာခြားသောမေးခွန်းများ**

| အကဲဖြတ်သူ | လေ့လာသင်ယူသူ |
|---|---|
| – ကျွန်ုပ် ဘာဖြစ်လို့လဲ | – ကျွန်ုပ်ကိုယ်တိုင်အတွက်ဘာကို တန်ဖိုးထားရမလဲ။ |
| – သူတို့ ဘာဖြစ်တာလဲ။ | – သူ၊ သူမနဲ့ပတ်သက်ပြီး ဘယ်လို တန်ဖိုးထားလေ့လာမှာလဲ။ |
| – ဘယ်သူ့အပြစ်လဲ။ | – ကျွန်တော်က တာဝန်ရှိသူဖြစ်ပါသလား။ |
| – ကျွန်ုပ်တို့ အဲဒီကိုမရောက်ဖူးသေးဘူး။ | – ရှေ့ကိုဆက်မယ့် အကောင်းဆုံးသောခြေလှမ်းက ဘာလဲ။ |
| – ဘာကြောင့် စိတ်ရှုပ်ရတာလဲ။ | – ဘာတွေဖြစ်နိုင်ခြေရှိသလဲ။ |

တစ်ဖက်လူ၏မေးခွန်းများကို နားထောင်ပြီး သင့်ကိုယ်သင် အောက်ပါမေးခွန်းများကို မေးပေးပါ။

- ဘာတွေဖြစ်နေသလဲ။
- ကျွန်ုပ် ဘာတွေလုပ်ချင်ပါသလဲ။
- ဒါနဲ့ပတ်သက်ပြီး ဘာတွေအသုံးဝင်သလဲ။
- ကျွန်ုပ် ဘာတွေသင်ယူနိုင်ပါသလဲ။
- အခြားလူတွေက ဘာတွေကို စဉ်းစားတွေးခေါ် ခံစားပြီး အလိုရှိနေသလဲ။
- ကျွန်ုပ်၏ ရွေးချယ်မှုတွေက ဘာလဲ။
- အခုလက်ရှိ ဘာလုပ်ဖို့ အကောင်းဆုံးလဲ။

mgyoe.com

mgyoe.com


– ဖြစ်နိုင်ခြေရှိတာတွေက ဘာလဲ။

ဂျိုးဇက်က ရွေးချယ်ခြင်းမြေပုံအကြောင်း ပြောနေရင်း စကားကို ခေတ္တရပ်နားလိုက်တယ်။ ပြီးမှ ကျွန်တော့်ကို အခုလိုဆက်ပြောပြပါတယ်။

"ကျုပ်တို့ ခင်ဗျားတို့ရဲ့ဘဝတွေကို အချိန်တိုင်းလိုလိုက ရွေးချယ်ခြင်း တွေ လုပ်ခိုင်းနေတာ အမှန်ပဲ။ ကျုပ်တို့ရင်ဆိုင်ရမယ့် ရွေးချယ်ခြင်းတွေက လေ့လာသူလမ်းကြောင်းကိုလား၊ ဒါမှမဟုတ် အကဲဖြတ်သူလမ်းကြောင်းကို လား ဆိုတာပါပဲ။ အဲဒီလမ်းကြောင်းနှစ်ခုကို ကျုပ်တို့က အသိအမှတ်ပြု သည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ သူတို့ရဲ့အကျိုးသက်ရောက်မှုတွေကို နေ့စဉ် နေ့တိုင်း တွေ့ကြုံခံစားနေရမှာပဲလေ။ ကျုပ်တို့ရဲ့အလုပ်တာဝန်ကတော့ နေ့စဉ် ရွေးချယ်မှုလုပ်နေရမှာပါပဲ။

ကျုပ်တို့က လေ့လာသင်ယူသူလမ်းကြောင်းကိုပဲရွေးရွေး၊ အကဲဖြတ် သူ လမ်းကြောင်းကိုပဲရွေးရွေး အဲဒီလမ်းကြောင်းနှစ်ခုစလုံးက ကျုပ်တို့ရဲ့ ပုံစံကျနေတဲ့အတွေးအခေါ်တွေကို ရည်ညွှန်းပါတယ်။

လေ့လာသင်ယူသူရဲ့ အတွေးအခေါ်လမ်းကြောင်းကို ရွေးချယ်ခြင်း အားဖြင့် ဖြစ်နိုင်ခြေအသစ်တွေကို မြင်နိုင်၊ ရှာတွေ့နိုင်တဲ့ အကျိုးဆက်ကို ရရှိပါလိမ့်မယ်။ အကယ်၍ အကဲဖြတ်သူရဲ့ အတွေးအခေါ်လမ်းကြောင်း ကို ရွေးချယ်မယ်ဆိုရင်တော့ လွတ်မြောက်အောင် ရုန်းထနိုင်ခြင်းမရှိတဲ့ နွံအိုင်ထဲကို ကျရောက်သွားနိုင်တယ်။

ဒီတော့ အချိန်တိုင်းလိုလို ကျုပ်တို့က လေ့လာသင်ယူသူရဲ့ အတွေး အခေါ်လမ်းကြောင်းနဲ့ အကဲဖြတ်သူရဲ့ အတွေးအခေါ်လမ်းကြောင်းတို့ အကြား ရှေ့တိုးနောက်ငင် ရုန်းကန်လျှောက်သွားနေရတယ်လေ။ ဒီနေရာ မှာ ကျုပ်တို့ သတိထားရမယ့်အချက်က ကျုပ်တို့ကိုယ်တိုင် ထိန်းချုပ်နိုင် ခြင်းနဲ့ ရွေးချယ်ခြင်းတွေ မလုပ်နိုင်သေးတဲ့ အခြေအနေပါပဲ။

ကျုပ်တို့ကို ရွေးချယ်ခြင်း စတင်စေတဲ့အရာကတော့ ကျုပ်တို့ကို အချိန်တိုင်း အကျိုးသက်ရောက်စေတဲ့ ကျုပ်တို့ရဲ့ ကိုယ်ပိုင်စဉ်းစား **တွေးခေါ်နိုင်စွမ်း၊ ကျုပ်တို့ရဲ့ ခံစားချက်များနှင့် တွေ့ကြုံရသော အခြေအနေများပဲ ဖြစ်ပါတယ်။**

မှန်ကန်သော အတွေးအခေါ်လမ်းကြောင်းကို ရွေးချယ်နိုင်ဖို့ သင့်

mgyoe.com

mgyoe.com


ဘက်က သေချာစွာလေ့လာထားခြင်း မရှိခဲ့ရင် လမ်းမှန်ရောက်ဖို့ မလွယ်ကူလှပါဘူး။ ဒါကြောင့် သင့်ဘက်က အခုလို မေးခွန်းတွေမေးဖို့ လိုအပ်ပါတယ်။

- ➢ ဘာတွေဖြစ်တာလဲ။
- ➢ ကျွန်ုပ် အခု ဘယ်နေရာမှာ အတိအကျရောက်နေသလဲ။
- ➢ ကျွန်ုပ်က အကဲဖြတ်သူ (သို့) လေ့လာသင်ယူသူရဲ့လမ်းကြောင်းထဲမှာ ရောက်ရှိနေပါသလား။

ဂျိုးဇက်က ကျွန်တော့်ကို အခုလိုဆက်ပြောတယ်။

"ခင်ဗျား တစ်ချက်လောက် စဉ်းစားကြည့်စမ်းပါ။ ခင်ဗျားက လေ့လာသင်ယူသူရဲ့ လမ်းကြောင်းနဲ့ အကဲဖြတ်သူလမ်းကြောင်းရဲ့အကြားလမ်းဆုံလမ်းခွမှာ မတ်တတ်ရပ်နေတယ်ဆိုရင် မြေပုံရဲ့ဝဲဘက်ခြမ်း၊ စက်ဝိုင်းပုံစံရေးထားတဲ့ စာသားတွေကို တွေ့ရမယ်။ အဲဒီစာသားတွေကတော့ ကျွန်ုပ်တို့ကို အချိန်တိုင်း အကျိုးသက်ရောက်စေတဲ့ အရာများ၊ အတွေးအခေါ်၊ ခံစားချက်၊ အခြေအနေတို့ပဲ ဖြစ်ပါတယ်။

"အခြေအနေ"ဆိုတဲ့နေရာမှာ မမျှော်လင့်ဘဲ ရောက်ရှိလာတဲ့ ပေးဆပ်ရမယ့် အကြွေးစာရင်းတွေ၊ ဖုန်းခေါ်ဆိုခပေးဆောင်ရန်အတွက် ငွေတောင်းခံလွှာတွေ၊ စိတ်မနှစ်မြို့စရာကောင်းတဲ့ သတင်းဆိုးတွေ ပါဝင်ပါတယ်။

"အခြေအနေ"ဟာ မကောင်းတဲ့အဓိပ္ပာယ်တွေကို ဖော်ဆောင်သလို ကောင်းတဲ့အဓိပ္ပာယ်အဖြစ်လည်း အကျိုးပြုပါသေးတယ်။ ဥပမာအနေနဲ့ အပြုသဘောဆောင် ကောင်းသောအဓိပ္ပာယ်ရှိတဲ့ အခြေအနေအရ မမျှော်လင့်ဘဲ ခင်ဗျားတို့အသင်းက အနိုင်ရရှိတာ၊ ခင်ဗျားသူဌေးက သင့်ကို ရာထူးတိုးပေးတာ၊ ခင်ဗျားအိမ်ထောင်ဖက်က ညနေစာအတူစားရင်း အချိန်ဖြုန်းဖို့ ကမ်းလှမ်းတာတွေ ရှိလာတတ်ပါတယ်။

နောက်ပြီး လမ်းကြောင်းတွေရဲ့ အစပိုင်းမှာ ရွေးချယ်ခြင်းနဲ့ တုံ့ပြန်ခြင်းဆိုတဲ့ စာတန်းတွေကို တွေ့ရလိမ့်ဦးမယ်။ ဒီတော့ ခင်ဗျားရဲ့ပုံစံကျနေတဲ့ အတွေးအခေါ်တွေကို လေ့လာပြီး ရွေးချယ်ခြင်းတွေ ပြုလုပ်ပါ၊ သို့မဟုတ် တုံ့ပြန်ခြင်းများ ပြုလုပ်ပါ။ ဒီအခါ မေးခွန်းတွေကို စဉ်းစားတတ်လာပါလိမ့်မယ်။

mgyoe.com

mgyoe.com


ခင်ဗျားရဲ့ရွေးချယ်ခြင်းနဲ့ တုံ့ပြန်ခြင်းတွေအတွက် မေးခွန်းတွေကို စဉ်းစားရာမှာ လိုအပ်ရင် လိုအပ်သလို ခင်ဗျားရဲ့မေးခွန်းများကို ပြောင်းလဲပါ။ ထို့အတူ ခင်ဗျားရဲ့စဉ်းစားတွေးခေါ်မှုတွေကို ပြောင်းလဲပေးပါ။

ထိုအခါ ခင်ဗျားမေးခွန်းများကို ပြောင်းလဲခြင်းကြောင့် ခင်ဗျားရဲ့စဉ်းစားတွေးခေါ်မှုတွေ ပြောင်းလဲသွားပြီး ခင်ဗျားရဲ့ စဉ်းစားတွေးခေါ်မှုတွေ ပြောင်းလဲခြင်းကြောင့် ခင်ဗျားရဲ့အကျိုးရလဒ်တွေကို ပြောင်းလဲပြီးသား ဖြစ်သွားမှာဖြစ်ပါတယ်။

ခင်ဗျားအနေနဲ့ သင့်ဘဝရဲ့ဇာတ်လမ်းတွေကို လေ့လာသူတစ်ယောက်အနေနဲ့ ကြည့်ရှုပေးပါ။ ဒီလိုကြည့်ရှုရာမှာ သင့်စိတ်အခြေအနေ စဉ်းစားတွေးခေါ်မှု အပြုအမူတွေကို စိစစ်ပေးဖို့လိုပါတယ်”

ဂျိုးဇက်ပြောသွားတဲ့စကားတွေထဲမှာ ကျွန်တော်ဟာ မေးခွန်းတွေထဲမှာ ရှိနေတတ်သလို မေးခွန်းတွေကလည်း ကျွန်တော့်ဆီမှာ ရှိနေတတ်တဲ့သဘောကို နားလည်ခဲ့ပါတယ်။

ဂျိုးဇက်ရဲ့စကားတွေက မှန်ကန်မှုရှိပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းများစွာကို မေးနိုင်လာတဲ့အခါ မျှော်လင့်ချက်မဲ့နေသလို၊ အကူအညီမဲ့နေသလို ခံစားရတာတွေ၊ အဆိုးမြင်တတ်တာတွေ၊ တိုးတက်မှု လျော့နည်းလာသလို ခံစားရတာတွေ၊ စိတ်ဓာတ်ကျတာတွေ မွန်းကျပ်စွာခံစားရခြင်းနဲ့ အရှုံးသမားတစ်ယောက်လို့ ခံယူချင်တာတွေဆိုတဲ့ မကောင်းတဲ့စိတ်ခံစားမှုအမျိုးမျိုးကို တွန်းလှန်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ မကောင်းတဲ့စိတ်ခံစားမှုတွေကို တွန်းလှန်နိုင်တဲ့ မေးခွန်းတွေ များများမေးနိုင်လာတဲ့အခါ စိတ်ကြည်လင်လန်းဆန်းပြီး တက်ကြွလာမယ်။ စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှုတွေကို ဖြစ်စေတဲ့ စိတ်ဓာတ် ခွန်အားတွေ အားကောင်းလာပြီး အရာရာကို အကောင်းမြင်တတ်ပါလိမ့်မယ်။ ထို့ပြင်မက ပြောဆိုဆက်ဆံရေးတွေမှာ ရိုးသားပွင့်လင်းလာပြီး မိမိကိုယ်မိမိလည်း ယုံကြည်မှုတွေ မြင့်တက်လာမှာဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

## အခန်း (၄)

# အကဲဖြတ်သူ၏ လမ်းကြောင်းဆီမှ နာလန်ပြန်ထူလာခြင်း

ကျွန်တော်နဲ့ စကားပြောနေရင်း ဂျိုးဇက်က ထိုင်ရာက ထလိုက်ပြီး မီးဖိုချောင်ဆီ ဦးတည်သွားလိုက်တယ်။ ခဏအကြာ သူနဲ့ကျွန်တော့်အတွက် ကော်ဖီနှစ်ခွက်ကိုင်ပြီး ပြန်ရောက်လာတယ်။ ကျွန်တော်နဲ့ ဂျိုးဇက်တို့ ကော်ဖီသောက်နေတုန်း ဂရေ့စ်ဆီက အသံမက်ဆေ့ချ်ရောက်လာတယ်။ ဂရေ့စ်က သူမရဲ့လက်ထောက် ဂျနီဖာနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ပြောချင်နေတာပါ။ ဂရေ့စ်က ဂျနီဖာကို အလုပ်ဖြုတ်တော့မယ့်ဆဲဆဲ ကျွန်တော့်ဆီ အကြောင်းကြားတာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်က ဖုန်းကိုဖွင့်လိုက်ရင်း အခုလို စဉ်းစားမိတယ်။

"ဂရေ့စ်က ဘာကြောင့် အခုလို ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာလဲ"

"ငါက သူမအတွက် ပြဿနာပေါင်းစုံကို ခေါင်းထဲထည့်ပြီး စဉ်းစားနေရမှာလား"

ကျွန်တော်က ကော်ဖီကိုဆက်သောက်ရင်း ကျွန်တော့်စိတ်ကို ငြိမ်အောင် ထိန်းလိုက်တယ်။ ဂျိုးဇက်ကတော့ ကျွန်တော့်ကို ပြုံးကြည့်နေတာပါ။ ခဏအကြာ ဂျိုးဇက်က အခုလိုစကားစလိုက်တယ်။

"ကျုပ် တစ်ချိန်တုန်းက အကဲဖြတ်သူရဲ့လမ်းကြောင်းကို ရောက်ခဲ့

mgyoe.com

mgyoe.com


ဖူးတယ်။ ခင်ဗျားရောက်သွားခဲ့ဖူးရင်တော့ ကျွန်တော် ခံစားကြုံတွေ့ရသလို မျိုး ထပ်တူဖြစ်နေမှာပါ"နောက်တော့ ဂျိုးဇက်က အခုလို ဆက်ပြောတယ်။

"အကဲဖြတ်သူရဲ့ ပုံစံကျနေတဲ့ စဉ်းစားတွေးခေါ်ပုံတွေက လေ့လာ သင်ယူသူရဲ့ စဉ်းစားတွေးခေါ်ပုံတွေနဲ့ လုံးဝကွဲပြားပါတယ်။ နောက်ပြီး အနာဂတ်ကာလဆိုတာဟာ အတိတ်ကာလရဲ့ ဟောင်းနွမ်းတဲ့ အခြေအနေ အရပ်ရပ်ကို အသစ်တစ်ဖန် ပြန်လည်အသုံးပြုနိုင်အောင် ဖန်တီးထားခြင်း သာ ဖြစ်ပါတယ်။ သင်က လေ့လာသင်ယူသူရဲ့ တွေးခေါ်ပုံလမ်းကြောင်း ထဲမှာ ရောက်နေသည်ဖြစ်စေ၊ အကဲဖြတ်သူရဲ့ တွေးခေါ်ပုံလမ်းကြောင်းထဲ မှာ ရောက်နေသည်ဖြစ်စေ သင့်အတွက် အနာဂတ်အသစ်တစ်ခုကို အမှန် တကယ် ပြုလုပ်နိုင်ဖို့ အရေးကြီးပါတယ်"

ဂျိုးဇက် စကားဆုံးတော့ ကျွန်တော်က ပြန်ပြောတယ်။

"ထင်မြင်ချက်ပေးတဲ့သူ၊ အကဲဖြတ်တဲ့သူတွေဆိုတာက စီရင်ချက် ချနိုင်တဲ့သူတွေပဲမဟုတ်လား"

ဒီအခါ ဂျိုးဇက်က ကျွန်တော့်စကားကို ထောက်ခံတယ်။

"သိပ်မှန်တာပေါ့ဗျာ"ဂျိုးဇက်က ပြောရင်းဆိုရင်း ကော်ဖီကို ဆက် သောက်လိုက်ပြန်တယ်။ ပြီးတော့ အခုလိုဆက်ပြောပြန်တယ်။

"အကဲဖြတ်သူဆိုတာ အစဉ်အမြဲ စီရင်ချက်ချသူပါပဲ။ အကဲဖြတ်သူ မှာ မျက်နှာပြင်နှစ်ဘက်ပါတယ်။ မျက်နှာတစ်ဖက်က ကျုပ်တို့ကို စီရင် ချက်ချဖို့၊ ကျန်မျက်နှာပြင်တစ်ဖက်က အခြားသူတွေကို စီရင်ချက်ချဖို့ပဲ"

ကျွန်တော်က ဂျိုးဇက်ရဲ့စကားကို ငြိမ်သက်စွာ နားထောင်နေလိုက် တယ်။ ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ "သူပြောနေတာတွေက အမှန်တကယ် လက်တွေ့ကျကျ အသုံးချနိုင်ရဲ့လား။ ဂရေ့စ်ရဲ့မက်ဆေ့ချ်ကို နားထောင် သိရှိပြီး ငါ့ဘက်က တစ်စုံတစ်ရာ ထင်မြင်ချက်ပေးနိုင်ပါ့မလား။ စီရင်ချက် ချပေးနိုင်တာ ရှိပါ့မလား"ဆိုတဲ့ မေးခွန်းတွေ တန်းစီပြီး ပေါ်ပေါက်လာခဲ့ ပါတယ်။ ကျွန်တော် ငြိမ်ချက်သားကောင်းနေတာကို ဂျိုးဇက်က ကြည့်ပြီး ခံ့မှာ ကျောမှီထိုင်လိုက်တယ်။ ပြီးမှ အခုလိုမေးပါတယ်။

"အခုလောလောဆယ် ခင်ဗျားစိတ်ထဲ ဘာတွေဝင်လာပြီလဲ၊ ပြော ပါဦးဗျ"

mgyoe.com